မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၃၃)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တစ်နိုင်ငံလုံး အကြားအလပ်မရှိ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစွာပထမ အားထုတ်လုပ်ကိုင်ခဲ့တဲ့အတွက် နယ်စပ်ဒေသများပါမကျန် အေးချမ်းသာယာလာခဲ့တယ်။ နိုင်ငံတော်ဟာ အေးချမ်းတည်ငြိမ်လာတာနဲ့အမျှ တစ်နိုင်ငံလုံး အကြားအလပ်မရှိ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ဆောင်ရွက်ခဲ့တယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စတဲ့ စီမံကိန်းကြီး သုံးခုကို ကွန်ရက်ပမာချိတ်ဆက်ဖော်ဆောင်လျက်ရှိတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ မြွက်ကြားသည့် မိန့်ခွန်းမှ–

မိမိတို့နိုင်ငံတော်ကြီးသည် မိသားစုကိုအခြေခံထားသည့် လူ့အဖွဲ့အစည်းတစ်ခု၏ အနှစ်သာရနှင့်အညီ တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်ပေါင်းစည်းယှက်နွယ်ဖြစ်တည်လာခဲ့သည့် ပြည်ထောင်စုကြီးဖြစ် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး တိုင်းရင်းသားအားလုံးအတွက် အသက်တမျှအရေးပါ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ်သည်အထိ အမျိုးသားရေးတာဝန်ကျေပွန်စွာထမ်းရွက်

ရန်ကုန် ဖေဖော်ဝါရီ ၉

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့တွေ့ဆုံ၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊

စာမျက်နှာ ၃ ကော်လံ ၁ ✡

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

စီမံကိန်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏အကျိုးကို ရှေးရှု၍ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်၍ စီမံချက်များ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် တစ်နိုင်ငံလုံးရှိ နယ်စပ်ဒေသများ၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင် အကွက်စေ့စေ့ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုများ၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှုများ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်သည်။

ယင်းကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ဖွံ့ဖြိုးရေးအခြေခံ အဆောက်အအုံသစ်များအား တစ်ခုပြီးတစ်ခု တည်ဆောက်ပေးလျက်ရှိသကဲ့သို့ တည်ဆောက်ပြီး အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့ ကောင်းမွန်စေရန်အတွက် လိုအပ်ချက်များကို အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် မွန်ပြည်နယ်ခရီးစဉ်အတွင်း ဖေဖော်ဝါရီလ ၇ရက်နေ့က မော်လမြိုင်မြို့ မော်လမြိုင်ဘူတာတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိစဉ် လိုအပ်သည်များကို ကြည့်ရှုစစ်ဆေး ဖြည့်ဆည်းပေးပြီး–

"ဘူတာရုံ၊ ချဉ်းကပ်တံတား၊ ချဉ်းကပ်ရထားလမ်းစသည့် တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ပြီးစီးအောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က မိမိတို့ တာဝန်ယူရသည့် လုပ်ငန်းအပိုင်းအလိုက် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ရန်ကုန်မှ ထားဝယ်သို့ ရထားဖြင့် နေ့ချင်းပေါက် ချောမွေ့စွာသွားနိုင်အောင် လိုအပ်သည်များ စီမံ ဆောင်ရွက်ရန်"

လမ်းညွှန် မှာကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအနီးရှိ ပဒုမ္မာဆပ်ပြာစက်ရုံသို့ ရောက်ရှိစဉ်–

"ပဒုမ္မာဆပ်ပြာဈေးကွက်ကို ပုံမှန်ခိုင်ခိုင်မာမာရရှိအောင် တည်ဆောက်သွားရမှာဖြစ်သည့် အပြင် သုံးစွဲသူ အဆင့်အတန်းအလိုက် စိတ်ကြိုက်ဖြစ်စေမည့် အရည်အသွေးရှိသည့် ဆပ်ပြာအမျိုးမျိုးကို တိုးချဲ့ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ တစ်ချိန်၌ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သည်အထိ အရည်အသွေးရှိသည့် ဆပ်ပြာအမျိုးအစားစုံကို ထုတ်လုပ်နိုင်အောင် လိုအပ်သောအတတ်ပညာကို ရှာဖွေစုစည်းသွားကြရန်လိုကြောင်း၊ ဈေးကွက်၌လည်း အခြားဆပ်ပြာများနှင့် ယှဉ်ပြိုင်၍ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်ရန် စီစဉ်သွားကြရမှာဖြစ်ကြောင်း"

လမ်းညွှန် မှာကြားခဲ့သည်။

ပဒုမ္မာဆပ်ပြာစက်ရုံကို ၂၀၀၃ခုနှစ် မတ်လ ၂၃ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး စက်ရုံမှ ပဒုမ္မာအဝတ်လျှော်ဆပ်ပြာနှင့် အရောင်လေးမျိုး၊ အနံ့လေးမျိုးရှိသည့် ပဒုမ္မာသန့်စင် ကိုယ်တိုက်ဆပ်ပြာတို့ကို ထုတ်လုပ်လျက်ရှိပြီး အလှဆီကြမ်းကိုလည်း စမ်းသပ်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မော်လမြိုင်ဘူတာနှင့် ဆက်စပ်၍ ချဉ်းကပ်ရထားလမ်းပိုင်းကို တည်ဆောက်လျက်ရှိပြီး အဆိုပါလမ်းပိုင်းတွင် တံတား၁၅စင်း တည်ဆောက်သွားမည်ဖြစ်ပြီး ခြောက်စင်း တည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။ မော်လမြိုင်ဘူတာ ဧရိယာသည် အလျားပေ ၄၀၀၀၊ အနံပေ ၁၀၀၀ကျယ်ဝန်းပြီး ရထားများရပ်နားတွဲထိုးရန် ရထားလမ်း ၁၉လမ်း အပါအဝင် ဘူတာတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တုပ်ကွေးဖြစ်စေသည့် ခြင်ကောင်များ အစွမ်းကုန်နှိမ်နင်းရန် စင်ကာပူ တိုက်တွန်း

စင်ကာပူ ဖေဖော်ဝါရီ ၉

တစ်ခါတစ်ရံ လူကိုသေစေသော တုပ်ကွေးအဖျားကို ကူးစက်ဖြစ်ပွားစေသည့် ခြင်ကောင်များအား အစွမ်းကုန်နှိမ်နင်းကြရန် ပြည်သူလူထုကို တိုက်တွန်းထားကြောင်း စင်ကာပူအစိုးရက ပြောကြားသည်။

စင်ကာပူနိုင်ငံတွင် တုပ်ကွေးဖျား ကူးစက်ဖြစ်ပွားမှုသည် ယမန်နှစ်၌ နှစ်ဆနီးပါးမျှ ဖြစ်ပွားခဲ့ပြီးနောက် စင်ကာပူနိုင်ငံက ထိုသို့ တပ်လှန့်နှိုးဆော်လိုက်ခြင်းဖြစ်သည်။

၂၀၀၄ခုနှစ်၌ လူဦးရေလေးသန်းမျှရှိသော စင်ကာပူနိုင်ငံတွင် တုပ်ကွေးဖျား ကူးစက်ဖြစ်ပွားမှု ၉၄၅၉မှုရှိခဲ့ရာ ၁၉၉၀ပြည့်နှစ်များ၏ အလယ်ပိုင်း၌ စတင်မှတ်တမ်းတင်ခဲ့ချိန်မှစပြီး အမြင့်ဆုံး ဖြစ်ခဲ့ကြောင်း၊ လူသုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်း တရားဝင် ကိန်းဂဏန်းများက ဖော်ပြသည်။ တုပ်ကွေးဖျားဖြစ်ပွားစေသည့် ခြင်ကောင်များကို အစွမ်းကုန်နှိမ်နင်းကြရန် ပြည်သူလူထုအား အမျိုးသားပတ်ဝန်းကျင်အေဂျင်စီက တိုက်တွန်းထားကြောင်း အေဂျင်စီကြေညာချက်၌ ဖော်ပြထားသည်။ အောက်တိုဘာလမှ ဇန်နဝါရီလအတွက် လစဉ်ပျမ်းမျှဖြစ်ပွားမှု ၁၁၁၃မှုရှိခဲ့ရာ ၂၀၀၃ခုနှစ် နှင့် ၂၀၀၂ခုနှစ် အလားတူကာလတွင်ရှိခဲ့သည့် ပျမ်းမျှဖြစ်ပွားမှုထက် သုံးဆနီးပါး ရှိသည်ဟု အေဂျင်စီ ပြောခွင့်ရအမျိုးသမီးက စနေနေ့၌ ပြောကြားသည်။

ရေအိုင်များသည် ခြင်ကောင်များ ပေါက်ဖွားရန် နေရာများဖြစ်ကြရာ ကယ်ဆယ်ရေးအလုပ်သမားများက ခြင်ကောင်များကို နှိမ်နင်းရန်နှင့် တုပ်ကွေးဖျားဖြစ်ပွားမှုကို ကာကွယ်ရန်အတွက် ပိုးသတ်ဆေးများ ပက်ဖျန်းထားကြောင်း သိရသည်။

စင်ကာပူ၌ လွန်ခဲ့သည့်နှစ် ဇန်နဝါရီလ တစ်လတည်း၌ပင် တုပ်ကွေးဖြစ်မှု ၁၁၄၅မှုမျှရှိခဲ့ရာ လွန်ခဲ့သည့်သုံးနှစ်အတွင်း ဇန်နဝါရီလ၌ ဖြစ်ပွားခဲ့သည့် တုပ်ကွေးဖြစ်မှုထက် လေးဆနီးပါးရှိသည်ဟု အဆိုပါအမျိုးသမီးက ပြောကြားသည်။ တုပ်ကွေးဖျားမှုသည် စင်ကာပူ၌ ထုံးစံအားဖြင့် ပူနွေးသောလများဖြစ်သည့် ဇူလိုင်လမှ စက်တင်ဘာလအထိ ဖြစ်လေ့ဖြစ်ထရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

လူမှုရေးကျင့်ဝတ် ဥပဒေသစ်များ အင်ဒိုနီးရှား၌ ဖြင်ဆင်ပြဋ္ဌာန်း

ဂျကာတာ ဖေဖော်ဝါရီ ၈

အင်ဒိုနီးရှားတရားရုံး ကိုဓဥပဒေသစ်သည် အကယ်၍ အတည်ဖြစ်လျှင် လူပုံအလယ်၌ နမ်းရှုံ့ခြင်းပြုလုပ်ကြသော သူများသည် ရာဇဝတ်ပြစ်မှုကျူးလွန်သူများဖြစ်လာနိုင်ကြောင်း ဂျကာတာပို့စ်သတင်းစာက ရေးသားလိုက်သည်။

ယင်းသို့ပြစ်မှုကျူးလွန်သူများအား ဒဏ်ငွေနှင့် ထောင်ဒဏ်များချမှတ်ရန် ကိုဓဥပဒေမူကြမ်းက အဆိုပြုထားကြောင်း သိရသည်။

လက်ရှိတည်ဆဲဥပဒေမှာ ချို့ယွင်းချက်များရှိပြီး ခေတ်နှင့်မလျော်ညီတော့ကြောင်း အများစုကပြောကြားသော်လည်း လူအချို့က ယင်းအဆိုပြုချက်သစ်များအပေါ် နှစ်ခြိုက်ခြင်းမရှိကြောင်း သိရသည်။

အဆိုပြုထားသော ဥပဒေမူကြမ်းအရ လူပုံလယ်၌ နမ်းရှုံ့သည့် ပြစ်မှုကျူးလွန်သူများသည် ထောင် ၁၀နှစ်ထိကျခံရနိုင်ပြီး ရူပီယာသန်း ၃၀၀ (ဒေါ်လာ ၃၃၀၀၀)ပေးဆောင်ရနိုင်ကြောင်း ဂျကာတာပို့စ်က ရေးသားသည်။

လက်မထပ်ရသေးသော်လည်း အတူနေသည့် စုံတွဲများသည် ထောင်ဒဏ် နှစ်နှစ်ထိပြစ်ဒဏ်ရနိုင်ပြီး ဒဏ်ငွေအများဆုံး ရူပီယာသန်း ၃၀ပေးဆောင်ရသည်ဟု ဆိုသည်။

ယင်းသို့ အတူနေသူများဟု မသင်္ကာသူများကို အိမ်များအတွင်းသို့ ဝင်ရောက် စီးနင်းရှာဖွေနိုင်သည့် အခွင့်အာဏာကို ရဲတပ်ဖွဲ့သို့လည်း ပေးထားမည်ဖြစ်သည်ဟု သိရသည်။

(အင်တာနက်)

ကုလနှင့် တန်ဇန်းနီးယားဆေးလိပ်တိုက်ဖျက်ရေး စာချုပ်ရလဒ် နိုင်ငံအတွင်း ဆေးလိပ်ကြော်ငြာများ ပျောက်ကွယ်တော့မည်

ဒါအက်စလာမ် ဖေဖော်ဝါရီ ၇

တန်ဇန်းနီးယားနိုင်ငံသည် ကုလသမဂ္ဂ၏ ဆေးလိပ် တိုက်ဖျက်ရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်း ရလဒ်အဖြစ် ယခုလကုန်ပိုင်းတွင် ဆေးလိပ်ကြော်ငြာများ ပျောက်ကွယ်တော့မည်ဖြစ်ကြောင်း သိရသည်။

လက်မှတ်ရေးထိုး

တန်ဇန်းနီးယားနိုင်ငံသည် ဆေးလိပ် ထိန်းချုပ်ရေးဆိုင်ရာ ညီလာခံမူဘောင်တစ်ရပ်ဖြစ်သည့် ကုလသမဂ္ဂစာချုပ်ကို အခြားသောနိုင်ငံ ၅၀ နှင့် လက်မှတ် ရေးထိုးထားသည်။ ယင်းစာချုပ်ကို ၂၀၀၄ ခုနှစ်ဇန်နဝါရီလက လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

လျှော့ချရန်

၂၀၀၃ ခုနှစ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံတွင် ဆေးလိပ်ထုတ်လုပ်သူများကြောင့် လူအများသေဆုံးနေရခြင်းကို လျှော့ချရန် ရည်ရွယ်၍ ကုလသမဂ္ဂက ယင်းစာချုပ်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆေးရွက်ကြီးထုတ်လုပ်သုံးစွဲခြင်းကြောင့် နှစ်စဉ်ကမ္ဘာ့တစ်ဝန်း၌ လူပေါင်း ၄ ဒသမ ၉ သန်း သေဆုံးနေကြောင်း၊ ကျန်းမာရေး ကုသစောင့်ရှောက်မှုကြောင့် ဒေါ်လာ ၂၀၀ဘီလီယံ ဆုံးရှုံးနေကြောင်း သိရသည်။

တန်ဇန်းနီးယားနိုင်ငံသည် ဆေးလိပ်ထုတ်လုပ်ရောင်းချခြင်းနှင့် သက်ဆိုင်သောဥပဒေများ ထုတ်ပြန်ထားသည်။ ယင်း ဥပဒေကို ၂၀၀၃ ခုနှစ် ဇူလိုင် ၁ ရက်က ထုတ်ပြန်ခဲ့ပြီး ဆေးလိပ် ကုန်သွယ်ရောင်းဝယ်ခြင်း၊ အသုံးပြုခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်းများကို ပိတ်ပင်ထားသည်။

ပိတ်ပင်

ယင်းဥပဒေအရ အများပြည်သူများနှင့် ဆိုင်သော နေရာများ၌ ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်ရောင်းချခြင်း၊ အသက် (၁၈) နှစ်အောက် လူငယ်များ ဆေးလိပ်သောက်သုံးမှု ပိတ်ပင်ခြင်း၊ တီဗွီ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများနှင့် မဂ္ဂဇင်းများတွင် ဆေးလိပ်ကြော်ငြာမှုများကို ပိတ်ပင်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

☆ ***ရှေ့ဖုံးမှ***

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုတိုင်းရင်းသားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြသည်။

အစီအစဉ်အရ ရှေးဦးစွာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားနှင့် ခိုင်မာသည့်ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့ကို သမိုင်းတွင်ရစ်အောင်ဖော်ထုတ်ပြသရင်း လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စတင်သန္ဓေတည်ပေးနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ကြီးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးအတွက် ထူးခြားမွန်မြတ်ပြီး အမျိုးသားရေးအနှစ်သာရနှင့်ပြည့်ဝလှသည့် နေ့ထူးနေ့မြတ်ကြီးတစ်နေ့ပင်ဖြစ်ကြောင်း။

ဤကဲ့သို့ မေ့ပျောက်မရနိုင်သည့် သမိုင်းဝင်ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်အခမ်းအနားကြီးကို အမျိုးသားရေးအနှစ်သာရရှိရှိ နှစ်စဉ် အစဉ်အလာမပျက်ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများအားလုံးအတွက် အထက်မြက်ဆုံး အမျိုးသားရေးအားမာန်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပိုမိုနိုးကြားခိုင်မာလာစေမှာမလွဲဘူးဟု နိုင်ငံတော်အစိုးရက ယုံကြည်ခံယူထားပါကြောင်း။

ဝမ်းမြောက်ဂုဏ်ယူမဆုံး

ထို့ကြောင့် သမိုင်းအစဉ်အလာကြီးမားလှသည့် ပြည်ထောင်စုနေ့ အခမ်းအနားကြီးတွင်ပါဝင်ဆင်နွှဲနိုင်ရန် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအသီးသီးက စုံစုံညီညီတက်ရောက်ခွင့်ရရှိကြသည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမဆုံး ရှိနေကြလိမ့်မည်ဟုလည်း ယုံကြည်ထားကြောင်း။

ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး စုံစုံညီညီနှင့်ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး ဆုံစည်းကြပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုအသီးသီးကို ဖော်ထုတ်ပြသခွင့်၊ အပြန်အလှန်လေ့လာဖလှယ်ခွင့်ရရှိကြသည့်အတွက် တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးချစ်ခင်နားလည်စာနာမှုများ တိုးပွားလာမည်ဖြစ်ခြင်းကြောင့် တိုင်းရင်းသားလူမျိုးများအကြား ပွားစီးဖြစ်တည်နေပြီးဖြစ်သည့် ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ထားများသည်လည်း ပိုမိုမြဲမြံခိုင်မာလာစေမှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ ဖြစ်တည်လာမှုသမိုင်းကြောင်းကို ကြည့်လျှင် မိမိတို့နိုင်ငံတော်ကြီးသည် နိုင်ငံသူနိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးချင်းကို အခြေခံပြီး ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံမျိုးမဟုတ်ဘဲ မိသားစုကို အခြေခံထားသည့် လူ့အဖွဲ့အစည်းတစ်ခု၏အနှစ်သာရနှင့်အညီ တိုင်းရင်းသားမျိုးနွယ်စုပေါင်းတစ်ရာကျော် ပေါင်းစည်းယှက်နွယ်ပွားစီးလာခဲ့ပြီး ဖြစ်တည်လာခဲ့သည့် ပြည်ထောင်စုကြီးဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ခိုင်ခိုင်မြဲမြဲရပ်တည်

နှစ်ပေါင်းထောင်ချီရှည်လျားသည့် ပြည်ထောင်စုကြီး၏ ဖြစ်ထွန်းလာမှုသမိုင်းစဉ်တွင် မိသားစုများပေါင်းစည်းဖြစ်တည်လာသည့် ဆွေမျိုးစုများ၊ ဆွေမျိုးစုများပေါင်းစည်းဖြစ်တည်လာသည့် တိုင်းရင်းသားမျိုးနွယ်စုများ၊ တိုင်းရင်းသားမျိုးနွယ်စုများပေါင်းစည်းဖြစ်တည်လာသည့် တိုင်းရင်းသားလူမျိုးများစသည်ဖြင့် အဆင့်ဆင့်ပေါင်းစည်းယှက်နွယ်ပွားစီးလာခဲ့ပြီး ကချင်၊ကယား၊ကရင်၊ချင်း၊ဗမာ၊မွန်၊ရခိုင်၊ရှမ်းတိုင်းရင်းသားလူမျိုးများယှက်နွယ်ပေါင်းစည်းထားသည့် 'မြန်မာလူမျိုး'နှင့် 'ပြည်ထောင်စု မြန်မာနိုင်ငံတော်'ဟူ၍ယနေ့ ခိုင်ခိုင်မြဲမြဲ ရပ်တည်နေခြင်းပင်ဖြစ်ကြောင်း။

ဤကဲ့သို့ မိသားစုကို အခြေခံပြီး ပေါင်းစည်းယှက်နွယ်ပွားစီးလာမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့ပြည်ထောင်စုကြီး၏ ထူးခြားသည့်ပင်ကိုအမျိုးသားရေးစရိုက်လက္ခဏာဖြစ်သည့်အလျောက် တိုင်းရင်းသားလူမျိုးတိုင်းသည် တစ်ဦးကောင်းတစ်ယောက်ကောင်းနေထိုင်၍ မရနိုင်ဘဲ ခွဲခြား၍မရသည့် မိသားစုကြီးအဖြစ် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် အစဉ်အမြဲလက်တွဲရပ်တည်နေကြရမည်မှာ သမိုင်းက ဖန်တီးပေးလာသော အမျိုးသားရေးကံကြမ္မာပင်ဖြစ်ကြောင်း။

မိသားစုစိတ်ဓာတ်

ထို့ကြောင့် ပြည်ထောင်စုကြီး ဥမကွဲ သိုက်မပျက် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတကာအလယ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး၏စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးအကျိုးစီးပွားအတွက် စိတ်တူကိုယ်တူ လက်တွဲကြိုးပမ်းဆောင်ရွက်မှု၊ အထူးသဖြင့် ပြည်ထောင်စုကြီးအတွင်း သေအတူရှင်မကွာ အမြဲထာဝရ ပေါင်းစည်းယှက်နွယ်နေထိုင်သွားမည်ဆိုသည့် မိသားစုစိတ်ဓာတ် နိုးကြားခိုင်မာမှုတို့အပေါ်တွင် အဓိကတည်မှီလျက်ရှိသည်ဆိုသည်မှာ ထင်ရှားနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသားသင်တန်းသူများအား ဩဝါဒစကား မြွက်ကြားရာတွင် ပြည်ထောင်စုကြီး၏ မိသားစုအနှစ်သာရနှင့် ထူးခြားမွန်မြတ်သည့် ဝိသေသလက္ခဏာများက တောင်းဆိုနေသည့် အမျိုးသားရေး လိုအပ်ချက်များကို ရှင်းလင်းပြဆိုရင်း ဤအမျိုးသားရေး လိုအပ်ချက်များအပေါ် အခြေခံထားသည့် အမျိုးသားရေးမူဝါဒ၏ အရေးပါမှုကို လမ်းညွှန်မြွက်ကြားထားပြီးဖြစ်ကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မြွက်ကြားခဲ့ရာတွင် **"လူမျိုးစုပေါင်းတစ်ရာကျော်နဲ့ ပေါင်းစည်းဖြစ်တည်နေတဲ့ တို့ရဲ့ပြည်ထောင်စုကြီးမှာ တိုင်းရင်းသားမျိုးနွယ်စုများအားလုံး တစ်သွေးတည်း တစ်သံတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်း နှလုံးစိတ်ဝမ်းညီမျှစွာ စိတ်တူကိုယ်မျှ ရှိနေစေရေးမှာ တစ်ဦးနဲ့တစ်ဦးနားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီဖေးမပေးမှု၊ အပြန်အလှန်မှီခိုအားထား ယုံကြည်မှုစတဲ့ စိတ်ဓာတ်ရေးရာ အခြေခံကောင်းတွေဖြစ်ထွန်းနေပြီး ဒီအခြေခံကောင်းများက ပေါက်ဖွားလာတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်အစဉ်ထာဝရ မြဲမြံခိုင်မာနေစေဖို့လိုအပ်တယ်။**

အထူးသဖြင့် ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ်နဲ့ သေတပန်သက်တဆုံး အေးအတူပူအမျှ သုခ၊ဒုက္ခတွေ မျှဝေခံစားပြီး ဥမကွဲသိုက်မပျက် အတူတကွ မခွဲမခွာ လက်တွဲပူးပေါင်း နေထိုင်သွားကြမယ်ဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရ ကိန်းအောင်းထွန်းကားပြန့်ပွားနေဖို့ လိုအပ်တယ်။

အလားတူပဲ တိုင်းတစ်ပါးရဲ့ ဗိုလ်ကျစိုးမိုးမှု၊ ဩဇာပေးခြယ်လှယ်မှုတို့ကို တိုင်းရင်းသားများအားလုံး လက်တွဲရင်ဆိုင်တွန်းလှန်ပြီးတို့ရဲ့ အမျိုးသားရေးအကျိုးစီးပွားအတွက် တို့ကိုယ်တိုင်ဆုံးဖြတ်ရွေးချယ်တဲ့ အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်မှာ တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်စေဖို့အတွက် တို့တိုင်းပြည်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို စွဲစွဲမြဲမြဲဆုပ်ကိုင်သွားနိုင်စေဖို့ အရေးကြီးတယ်။

ဒါကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဖြစ်တဲ့ အမျိုးသားရေးမူဝါဒကို မောင်တို့မယ်တို့ ကိုယ်တိုင်က စွဲမြဲစွာယုံကြည်ခံယူထားကြဖို့ လိုအပ်တယ်"ဟု လမ်းညွှန်မြွက်ကြားခဲ့ကြောင်း။

ကိုယ်တွေ့မျက်မြင်

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် အမျိုးသားရေးမူဝါဒကို ခိုင်ခိုင်မြဲမြဲကိုင်စွဲပြီး မိမိတို့အစိုးရ၏ ပထမဆုံးလုပ်ငန်းစဉ်အဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးကို အောင်အောင်မြင်မြင် ပြန်လည်တည်ဆောက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို ချုပ်ငြိမ်းစေခဲ့ပြီး နယ်စပ်ဒေသများတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံသည့် တည်ငြိမ်ခိုင်မာသောငြိမ်းချမ်းသာယာမှု အကျိုးရလဒ်ကောင်းများ စတင်ဖြစ်ထွန်းလာစေခဲ့သည့်အပြင် တည်ငြိမ်အေးချမ်းသာယာမှုအပေါ် အခြေခံသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကိုပါ တစ်ဆက်တည်း တည်ဆောက်ပေးနိုင်ခဲ့သည်ကို ပြည်ထောင်စုတိုင်းရင်းသား ကိုယ်စားလှယ်များအားလုံး ကိုယ်တွေ့မျက်မြင်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ယခင်ခေတ်ကာလက တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသများသည် ယခုအခါတွင် မြို့ကြီးပြကြီးများ ပေါ်ထွန်းလာမှုများ၊ ယခင်ကပညာသင်ကြားခွင့် အခွင့်အလမ်းကင်းမဲ့ခဲ့ရာက အခြေခံပညာသာမက အဆင့်မြင့်ပညာပါ တက်လှမ်းသင်ယူနိုင်သည့် အခွင့်အလမ်းများ ပေါ်ထွန်းလာမှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး အခြေခံကောင်းများ ဖြစ်ထွန်းလာမှုများစသည့် ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်ကောင်းများ အစီအရီပေါ်ထွန်းနေပြီဖြစ်ကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံ၏ တောတောင်၊ လွင်ပြင်၊ မြစ်ချောင်းအင်းအိုင်ပေါများကြွယ်ဝပြီး ရေခြား၊ မြေခြားဖြစ်နေသည့် ရေမြေသဘာဝ ကွာခြားမှုများကို ကိုလိုနီနယ်ချဲ့များက တလွဲအမြတ်ထုတ်အသုံးချပြီး တောင်ပေါ်နှင့်မြေပြန့်၊ ပြည်နယ်နှင့် ပြည်မ တမင်ခွဲခြားဖန်တီး သွေးခွဲအုပ်ချုပ်ခဲ့သည့်အတွက်ဖြစ်ပေါ်လာခဲ့ရသည့် တိုင်းရင်းသားလူမျိုးများအချင်းချင်း အနေစိမ်းခဲ့မှု၊ အဆက်အဆံနည်းခဲ့မှု ဆိုးမွေများသည် ယခုဆိုလျှင် လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာမှု၏ အကျိုးကျေးဇူးကြောင့် တဖြည်းဖြည်းပပျောက်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအချင်းချင်း ဆက်သွယ်ဆက်ဆံမှု၊ အပြန်အလှန် အမှီသဟဲပြုမှုတို့ တိုးပွားလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည်လည်း ပိုမိုခိုင်မာလာနေပြီဖြစ်ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁

မိသားစုစိတ်ဓာတ် နိုးကြားခိုင်မာမှုအဓိက

- **နှစ်ပေါင်းထောင်ချီရှည်လျားသည့်ပြည်ထောင်စုကြီး၏ဖြစ်ထွန်းလာမှု သမိုင်းစဉ်တွင် မိသားစုများ ပေါင်းစည်းဖြစ်တည်လာသည့် ဆွေမျိုးစုများ၊ ဆွေမျိုးစုများပေါင်းစည်းဖြစ်တည်လာသည့် တိုင်းရင်းသားမျိုးနွယ်စုများ၊ တိုင်းရင်းသားမျိုးနွယ်စုများပေါင်းစည်းဖြစ်တည်လာသည့် တိုင်းရင်းသားလူမျိုးများစသည်ဖြင့် အဆင့်ဆင့်ပေါင်းစည်းယှက်နွယ်ပွားစီးလာခဲ့ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားလူမျိုးများယှက်နွယ်ပေါင်းစည်းထားသည့် 'မြန်မာလူမျိုး'နှင့် 'ပြည်ထောင်စုမြန်မာနိုင်ငံတော်'ဟူ၍ ယနေ့ ခိုင်ခိုင်မြဲမြဲ ရပ်တည်နေ၊**
- **ပြည်ထောင်စုကြီး ဥမကွဲ သိုက်မပျက် အစွန့်ရှည်တည်တံ့ ခိုင်မြဲရေးနှင့် နိုင်ငံတကာအလယ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး၏ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးအကျိုး စီးပွားအတွက် စိတ်တူကိုယ်တူ လက်တွဲကြိုးပမ်းဆောင်ရွက်မှု၊ အထူးသဖြင့် ပြည်ထောင်စုကြီးအတွင်း သေအတူရှင်မကွာ အမြဲထာဝရ ပေါင်းစည်းယှက်နွယ်နေထိုင်သွားမည်ဆိုသည့် မိသားစုစိတ်ဓာတ် နိုးကြားခိုင်မာမှုတို့အပေါ်တွင် အဓိကတည်မှီလျက်ရှိသည်ဆိုသည်မှာ ထင်ရှားနေပြီ။**

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၃၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်
- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်
- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်
- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အစဉ်ကိန်းအောင်းနေရမည့် ခံယူချက်

“ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်” ဟူသော ခံယူချက်သည် တိုင်းရင်းသားတိုင်း၏ နှလုံးအိမ်တွင် အစဉ်သဖြင့် ကိန်းအောင်းနေရမည် ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်သတ္တဌာန မူလဌာပနာတော်သွင်းခြင်း၊ အလယ်ဌာပနာတော်သွင်းခြင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် သတ္တဌာန မူလဌာပနာတော်သွင်းခြင်း၊ အလယ်ဌာပနာတော်သွင်းခြင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်ရှိ ဥပ္ပါတသန္တိစေတီတော်၌ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတက်ရောက်၍ ငွေဇောခ်ိပင်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး ဌာပနာတော်များ သွင်းလှူပူဇော်ကာ စေတီတော်၌ ပန်းလည်တိုင်ကို စိုက်ထူပူဇော်သည်။

တက်ရောက်ကြည်ညို

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် စေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဗိုလ်ချုပ်မောင်ရှိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘုရားဒါယကာ အလှူရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

မဟာမင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆောင်ရွက်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ခက်မငါးဖြာနှင့် ပြည့်စုံသော ငွေဇောခ်ိပင်တော်ကို အလယ်ဌာပနာတိုက်တော်၌ သွင်းလှူပူဇော်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်)

နိုင်ငံ့သားကောင်း သမီးကောင်းများဖြစ်ထွန်းလာစေရန် ကြိုးပမ်း အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖော်ဆောင်

တက္ကသိုလ်၊ ကောလိပ်၊ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ဖေဖော်ဝါရီ ၇ ရက်နေ့က ကျင်းပခဲ့သည်။

ဆရာ ဆရာမများသည် မိမိတို့ ကျွမ်းကျင်တတ်မြောက်ပြီး အရည်အချင်းများနှင့် သင်တန်းမှရရှိလာသော အမျိုးသားရေးအသိအမြင်၊ ယုံကြည်ချက်၊ ခံယူချက်များကို ပေါင်းစပ်ပြီး အမျိုးသားပညာရေးတာဝန်များကို အားသစ်လောင်း ထမ်းရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍတွင် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်အံ့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးဆိုင်ရာ အခြေခံကောင်းများကို နိုင်ငံတစ်ဝန်းလုံး၌ တည်ဆောက်ဖြည့်ဆည်းပေးခဲ့သည်။

အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုလုံးတွင် အဆင့်မြင့်ပညာများ ဆည်းပူးသင်ယူနိုင်သည့် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ အသီးသီးတည်ရှိနေပြီဖြစ်၍ အဆင့်မြင့်ပညာရပ်များကို သင်ယူနိုင်ကြပြီဖြစ်သည်။

အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် သင်ကြားရေးလုပ်ငန်းများနှင့်အတူ သုတေသနလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရာတွင် အတတ်ပညာရှင်များအပိုင်းက နည်းပညာသစ်များ တိုးတက်နေမှုနှင့်အတူ အစဉ်လိုက်ပါပြီး ၂၁ရာစုစိန်ခေါ်မှုကို ရင်ဆိုင်နိုင်စွမ်းရှိရေး၊ အသိပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံ၏ ကြီးမားသည့်သမိုင်းအစဉ်အလာများကို သုတေသနပြုဖော်ထုတ် မှတ်တမ်းတင်နိုင်ရေးကို ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးအပါအဝင် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဆရာ ဆရာမများသည် မိမိတို့တာဝန်ကျရာ ဒေသအလိုက် မျိုးဆက်သစ် တိုင်းရင်းသားလူငယ်များ၏ ပညာရေးဆိုင်ရာ အရည်အသွေးများ တစ်ပြေးညီမြင့်မား တိုးတက်လာရေးအတွက် အဆင့်မြင့်ပညာရပ်များ ဖြန့်ဝေသင်ကြားပို့ချပေးနေခြင်းသည် ပြည်နယ်နှင့်တိုင်းအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဖော်ဆောင်နေခြင်း ဖြစ်ပေသည်။

သို့ဖြစ်ပေရာ မျိုးဆက်သစ်လူငယ်များအပေါ် နိုင်ငံတော်၏မျှော်မှန်းချက်နှင့်အညီ စည်းရုံးလေ့ကျင့် ပျိုးထောင်ရာတွင် ထိရောက်အောင်မြင်နိုင်ရေးအတွက် ဆရာ ဆရာမများအနေဖြင့် နိုင်ငံ့သားကောင်း သမီးကောင်းဖြစ်ထွန်းလာစေရန် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုး စိန်မှုနာပြ ကြိုးပမ်း စွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ အခမဲ့ခွဲစိတ်ကုသ

တောင်ကြီး ဖေဖော်ဝါရီ ၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ကြီးကြပ်မှုဖြင့် Humanitarin Service Internation (H.S.I) တို့ ပူးပေါင်းပါဝင်လှူဒါန်းသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ လူနာများအား အခမဲ့ခွဲစိတ်ကုသပေးခြင်းဖွင့်ပွဲကို ဇန်နဝါရီ ၂၆ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်ဆေးရုံကြီး မျက်နှာနှင့်မေးရိုးခွဲစိတ်အထူးကုဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာခင်မောင်လွင်က နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုလုပ်ငန်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ခွဲစိတ်ကုသပေး

အဆိုပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာ ၅၁ဦးအား တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးတွင် ဇန်နဝါရီ ၂၆ရက်မှ ၃၀ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

အထက ကျောက်တံတား အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

အထက ကျောက်တံတား ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို မတ် ၂ရက် (တောင်သူလယ်သမားနေ့) နံနက် ၉နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ကိုသူရိန်ထွန်း ဖုန်း-၀၉-၅၁-၀၄၈၀၅၊ ကိုနေလင်းဦး ဖုန်း-၀၉-၅၁-၇၉၀၆၀၊ ကိုဉာဏ်ထူးသာ ဖုန်း-၃၈၄၆၃၄၊ ကိုဂျိုးဂျိုး ဖုန်း-၀၉-၉၉-၂၂၇၇၄၊ ကြည်ကြည်ခိုင် ဖုန်း-၇၀၉၈၁၈၊ ကိုညီမင်းလွင် ဖုန်း-၂၄၆၈၃၅၊ မစုစုဝင်း ဖုန်း-၀၉-၅၀-၃၂၀၀၅၊ မပိုးပိုးအောင်-ကြီးစိုးအောင် ဖုန်း-၇၂၇၈၇၂၊ ကိုဇင်မိုးအောင် ဖုန်း-၀၉-၅၀-၃၆၃၇၉၊ မပွင့်ရည်ကျော် ဖုန်း-၀၉-၅၁-၈၃၅၇၃၊ မလင်းလင်းထွန်း ဖုန်း-၀၉-၅၀-၀၆၃၈၂၊ ကိုအောင်ကိုကို ဖုန်း-၀၉-၅၁-၁၄၆၆၈ နှင့် မခင်မျိုးထွေး(၂) ဖုန်း-၃၈၈၀၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၁၀-၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (အင်္ဂလိပ်စာ အပိုင်း-ခ)
၄း၂၅	၅။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၀	၆။	မြန်မာစာ မြန်မာစကား (အပိုင်း-၆)
၅း၀၀	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၁၀	၈။	မျိုးချစ်တပ်မတော်
၅း၂၀	၉။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၁၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၅။	လျှပ်တစ်ပြက်
၆း၃၅	၁၆။	ကလေးတို့ကမ္ဘာပျော်ရွှင်စရာ
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၅၁)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	မွေးမြူသုတ
	၂၂။	ဗွီစီဒီကျော်ကြားတေးများ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၂၄)

သီလဝါဆိပ်ကမ်းရှိ ကုန်သေတ္တာစစ်ဆေးရေးစခန်းနှင့် အေးရှားဝေါလ် ဆိပ်ကမ်းရှိ ကုန်သေတ္တာစခန်း

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဖေဖော်ဝါရီ ၇ရက် မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ အကောက်ခွန်ဦးစီးဌာန လေဆိပ်ကုန်လှောင်ရုံသို့ရောက်ရှိလာသော ပစ္စည်းများကို စိစစ်ခြင်း၊ လက်ခံခြင်း၊ စာရင်းသွင်းမှတ်သားခြင်း၊ စနစ်တကျ ထားသိုသိမ်းဆည်းခြင်း၊ သွင်းကုန်ကြေညာလွှာအရ စိစစ်ထုတ်ပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

မှာကြား

ယင်းနောက် လေဆိပ်ကုန်လှောင်ရုံ အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် ကုန်လှောင်ရုံ တာဝန်ခံအရာရှိများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းတာဝန်များကို ရိုးဖြောင့်မှန်ကန်စွာ ဆောင်ရွက်ကြရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၌ ပို့ကုန်/သွင်းကုန်များဆိုင်ရာ အခွန်စည်းကြပ်ကောက်ခံခြင်း၊ တရားမဝင်တင်သွင်း/တင်ပို့မှုများကို စိစစ်ကြပ်မတ်ခြင်း၊ ကာကွယ်တားဆီးခြင်း၊ စုံစမ်းဖော်ထုတ်အရေးယူခြင်းစသည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အထူးဂရုပြု

ယင်းနောက် ဝန်ကြီးသည် ဗိုလ်အောင်ကျော် ကုန်သေတ္တာစစ်ဆေးရေးစခန်း၊ သီလဝါဆိပ်ကမ်းရှိ ကုန်သေတ္တာစစ်ဆေးရေးစခန်းနှင့် အေးရှားဝေါလ်ဆိပ်ကမ်းရှိ ကုန်သေတ္တာစစ်ဆေးရေးစခန်းတို့၌ X-Ray Scanning စက်များဖြင့် ကုန်သေတ္တာများ စစ်ဆေးလျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှုတိုင်း ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးဂရုပြု ဆောင်ရွက်သွားကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂ရက်က ကျင်းပရာ သူငယ်တန်း(က)မှ ပထမဆုရရှိသော မောင်ဇေယျာလင်းအား ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

သီဆိုပူဇော်

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်တို့သည် မဟာမင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး အဆိုကျော် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးထွန်းရွှေက စောင်းဦးစိုးဝင်း၊ ထွန်းဝဏ္ဏစိုးတို့နှင့် တွဲဖက်၍ ထူးမခြားနား သီချင်းခန့်ဖြင့် သီဆိုပူဇော်သည်။

ကို လည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က စကျ်မပဋိမာရုပ်ပွားဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ရတနာဃရပဋိမာရုပ်ပွားဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အဇပါလပဋိမာရုပ်ပွားဆင်းတု

မိသားစုက ကကုသန္ဓဗုဒ္ဓရုပ်ပွားတော်နှင့် ပဋိမာရုပ်ရှင်တော်မြတ် ရုပ်ပွားတော်တို့ကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုက ကောဏာဂမန ဗုဒ္ဓရုပ်ပွားတော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ကဿပရုပ်ပွားတော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ဂေါတမဗုဒ္ဓရုပ်ပွားတော်တို့ကို လည်းကောင်း၊

လေးဆူ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ရွှေတိဂုံပုံတူ ငွေစေတီတော်သုံးဆူနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်က ရွှေတိဂုံပုံတူ ငွေစေတီတော်သုံးဆူတို့ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ရတနာကျောက်စိမ်း ဆင်းတုတော်ကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အလယ်ဌာပနာ မော်ကွန်းကမ္ပည်းရွှေပြားတော်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဖွားတော်မူဟန်နှင့် ခုနစ်ဖဝါးကြွတော်မူဟန် ရုပ်ပွားတော်၊ ဝန်ကြီး

အပရာဇိတပလ္လင်၌ မာရ်နတ်ကို အောင်တော်မူဟန်ရုပ်ပွားတော်၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အနိမိသသတ္တဟရုပ်ပွားတော်၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက စင်္ကမသတ္တဟ ရုပ်ပွားတော်တို့ကိုလည်းကောင်း၊ ပြည်နယ်နှင့်တိုင်း ၁၄ခုတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များက အဇပါလသတ္တဟ၊ မုစလိန္ဒသတ္တဟ၊ ရာဇာယတနသတ္တဟ၊ တဖုဿနှင့် ဘလိက္က မုန့်ဆွမ်းကပ်ဟန်၊ သဟမ္ပတိဗြဟ္မာ တရားတောင်းဟန်နှင့် ဓမ္မစကြာတရားဦးဟောဟန်၊ ယမိုက်ပြာဋိဟာပြတော်မူဟန်၊ အဘိဓမ္မာ

ဇာတာတော်တို့ကိုလည်းကောင်း ပန်းရထားများဖြင့် ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလျက် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်၍ အပူဇော်ခံသည်။

ဆီမီးထွန်းညှိ

ထို့နောက် သတ္တဌာနမူလ ဌာပနာတော်သွင်းခြင်း မင်္ဂလာအခမ်းအနားကို စေတီတော် မူလဌာပနာတော်တိုက်ရှေ့၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက မူလဌာပနာတော်တိုက်ကို ဖွင့်လှစ်၍ ဒုတိယဗိုလ်မှူးကြီးတင်ဦးက ဆီမီးထွန်းညှိ ပူဇော်သည်။

ကိုးပါးသီလ ခံယူဆောက်တည်

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များ နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် သတ္တဌာန မူလဌာပနာတော်သွင်းခြင်း၊ အလယ်ဌာပနာတော်သွင်းခြင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံမှ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်တို့ကို ဆရာတော်များထံ ဆက်ကပ်ကြပြီး ပရိသတ်တို့က ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်တို့ကို စေတီတော်ရင်ပြင်၌ ပက်ဖျန်းကြဲဖြန့် ချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ကိုယ်စား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် စေတီတော်၌ ဌာပနာမည့် ခက်မငါးဖြာနှင့်ပြည့်စုံသော ငွေဖောဓိပင်တော်၊ အောင်တော်မူ ပလ္လက် ဗုဒ္ဓပဋိမာဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲ မိသားစုက အနိမိသပဋိမာ ရုပ်ပွားဆင်းတုတော်၊ ဗုဒ္ဓပဋိမာရုပ်ရှင်တော်နှင့် လှူဖွယ်ပစ္စည်းများ

တော်ကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မုစလိန္ဒပဋိမာရုပ်ပွားဆင်းတုတော်ကို လည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရတနာပန်းလည်တိုင်ကိုလည်းကောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲ၏ မိသားစုဝင်များနှင့် ပရိသတ်တို့သည် အနုမောဒနာတရား နာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သတ္တဌာနမူလ ဌာပနာတော်သွင်းခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ အောင်အိုး၊ သာသနာ့အလံနှင့် ထီးဖြူကိုင် ဥပါသကာများ၊ ဒေဝါဝင်း ရာဇာဝင်း အဖွဲ့များသည် သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

လှည့်လည်အပူဇော်ခံ

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ခက်မငါးဖြာနှင့် ပြည့်စုံသော ငွေဖောဓိပင်တော်ကိုလည်းကောင်း၊ ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းထိုက်က ဓာတုစေတီ ဓာတ်တော်ကြုတ်နှင့် ဓမ္မစေတီ ပိဋကသုံးပုံ ရွှေပေလွှာ ငွေကြုတ်တော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဆန်းဆင့်က ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်နှင့် ရတနာတံသင်းများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိုးမောင်က ရွှေတိဂုံပုံတူ ငွေစေတီတော်

ဗိုလ်ချုပ်ခင်မောင်မြင့်က နိမိတ်ကြီးလေးပါးပြဟန် ရုပ်ပွားတော်၊ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က တောထွက်စဉ် မာရ်နတ်တားဟန်နှင့် ဆံတော်ပယ်ဟန်ရုပ်ပွားတော်၊ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဃနာ နို့ဆွမ်းကပ်လှူဟန် ရုပ်ပွားတော်၊ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က မြက်ရှစ်ဆုပ် အလှူခံဟန် ရုပ်ပွားတော်၊ ဝန်ကြီး ဦးအောင်ကြည်က

တရားဟောဟန်နှင့် သက်သေနဂိုရ်ဆင်းဟန်၊ အောင်ခြင်းရှစ်ပါးအောင်တော်မူဟန်၊ ပရိနိဗ္ဗာန်ပြုဟန်၊ တေဇောဓာတ်လောင်ဟန်နှင့် ဓာတ်တော်ဝေဟန် ရုပ်ပွားတော်များ၊ ရွှေတိဂုံပုံတူ ငွေစေတီတော်များ၊ ရတနာငွေသေတ္တာများနှင့် မဟာဇေယျ မင်္ဂလာဂါထာမော်ကွန်း ရွှေပြားတော်၊ မူလဌာပနာမော်ကွန်းကမ္ပည်း ရွှေပြားတော်နှင့် ဗုဒ္ဓ

ယင်းနောက် အခမ်းအနားမှူးက မင်္ဂလာအခါတော်ကြား စာတမ်းကို ဖတ်ကြား၍ မင်္ဂလာအခါဖြစ်သော နံနက် ၈နာရီ ၃၆မိနစ် ၁၀စက္ကန့်တွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက မဏိကျောက်မျက်ရတနာ ကျောက်စိမ်းမြတ် ပလ္လင်တော်ဌာန၌ ဖွားတော်မူဟန် ရုပ်ပွားတော်ကို သွင်းလှူပူဇော်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) သည် ခုနစ်ဖဝါးကြွတော်မူဟန်၊ ဥယျာဉ်တော်ထွက်ဟန်၊ နိမိတ်ကြီးလေးပါးပြဟန်၊ တောထွက်စဉ် မာရ်နတ်တားဟန်၊ ဆံတော်ပယ်ဟန်နှင့် ကြာသင်္ကန်းကပ်ဟန်၊ ဃနာနို့ဆွမ်း အလှူခံတော်မူဟန်၊ သုဇာတာက ဃနာနို့ဆွမ်းကပ်လှူဟန်၊ ဃနာနို့ဆွမ်း ဘုဥ်းပေးတော်မူဟန်၊ မြက်ရှစ်ဆုပ်အလှူခံတော်မူဟန်၊ဇဗင်မြက်ရှစ်ဆုပ်ကပ်လှူဟန်၊

စာမျက်နှာ ၄ ကော်လံ ၁

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး စေတီတော်၌ ဌာပနာမည့် ခက်မငါးဖြာနှင့် ပြည့်စုံသော ငွေဖောဓိပင်တော်ကို စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်၍ အပူဇော်ခံစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

အပရာဇိတပလ္လင်၌ မာရ်နတ်ကို အောင်တော်မူဟန်နှင့် မာရ်နတ်ပလ္လင်လုဟန် ပဋိမာရုပ်ပွားတော်များကို မူလဌာပနာ တိုက်ရှိ သတ်မှတ်နေရာများ၌ သွင်းလှူပူဇော်သည်။

ထို့နောက် ဘုရားဒါယကာ နိုင်ငံတော် အကြီးအကဲမိသားစုက အနိမိသ၊ စင်္ကမ၊ ရတနာဃရ၊ အဇပါလနှင့် မုစလိန္ဒသတ္တဟ ရုပ်ပွားတော်များကို မူလဌာပနာတိုက်တော်၌ သွင်းလှူပူဇော်သည်။

သွင်းလှူပူဇော်

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ရာဇာ ယတနလင်းလွန်းပင်ရင်း၌ စံနေတော်မူဟန်၊ ဘလ္လိက မုန့်ဆွမ်းကပ်ဟန်၊ သဟမ္ပတိဗြဟ္မာ တရားတောင်းဟန်၊ ဓမ္မစကြာတရား ဟောတော်မူဟန်၊ အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ် နှင့် အရှင်အဿဇိတို့ တရားနာယူကြပုံဟန် ရုပ်ပွားတော်များကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က တာဝတိံသာနတ်ပြည်၌ သီတင်းသုံးဟန်၊ အဘိဓမ္မာတရားဟောဟန်၊ အဘိဓမ္မာတရား နာယူဟန်တို့ကိုလည်း ကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် က အောင်ခြင်းရှစ်ပါး အောင်တော်မူဟန် ရုပ်ပွားတော်များကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က တေဇောဓာတ် လောင်ဟန်၊ ဓာတ်တော်ဝေဟန် ရုပ်ပွား တော်များနှင့် ရွှေတိဂုံပုံတူ ငွေစေတီတော် ရှစ်ဆူ၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်၊ မဟာဇေယျမင်္ဂလာဂါထာ မော်ကွန်းကမ္ပည်း ရွှေပြားတော်၊ သတ္တဌာနမူလဌာပနာ ကမ္ပည်းရွှေပြားတော်နှင့် ဗုဒ္ဓဇာတာတော် တို့ကိုလည်းကောင်း သွင်းလှူပူဇော်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က မူလဌာပနာတော်တိုက်၌ ကျောက်မျက် ရတနာမျိုးစုံကို ကြဲဖြန့်ပူဇော်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်အေးမြင့်က သတ္တဌာန မူလဌာပနာတော်တိုက်ကို ပိတ်သိမ်း သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် ဘုရားဒါယကာများက ပရိတ်နံ့သာရည် ဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဆရာတော် သံဃာတော်များက ဦးဆောင်၍ "ဇယန္တော ဗောဓိယာမူလေ"အစချီသော ဇယမင်္ဂလာ အောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြ သည်။

နိုင်ငံတော်အကြီးအကဲ မိသားစုက အနိမိသပဋိမာ ရုပ်ပွားဆင်းတုတော်၊ ဗုဒ္ဓပဋိမာရုပ်ရှင်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ထို့နောက် အလယ်ဌာပနာတိုက် တော်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်လင်းက ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးကြီးသက်စိုးက ဆီမီးထွန်းညှိ ပူဇော်သည်။

ခက်မငါးဖြာ

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင် မြင့်ဦးက ခက်မငါးဖြာနှင့် ပြည့်စုံသော ငွေဗောဓိပင်တော်ကို မဏိကျောက်မျက် ရတနာကျောက်စိမ်းမြတ်ပလ္လင်တော်ဌာန၌ သွင်းလှူပူဇော်ပြီး ဒက္ခိဏဒိသာ တောင် အရပ်၌ ကကုသန္ဓဗုဒ္ဓပဋိမာ ရုပ်ပွား တော်ကို သွင်းလှူပူဇော်သည်။

ဆက်လက်၍ ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲမိသားစုက ပစ္ဆိမဒိသာ အနောက်အရပ်၌ ကောဏာဂမန ဗုဒ္ဓပဋိမာ ရုပ်ပွားတော်ကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က ဥတ္တရဒိသာမြောက်အရပ်၌ ကဿပ ဗုဒ္ဓပဋိမာ ရုပ်ပွားတော်ကိုလည်းကောင်း သွင်းလှူပူဇော်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် က ပုရိတ္ထိမဒိသာ အရှေ့အရပ်၌ ဂေါတမ ဗုဒ္ဓပဋိမာရုပ်ပွားတော်၊ ဓာတုစေတီနှင့် ဓမ္မစေတီ၊ ရတနာငွေကြုတ်တော်များ၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်နှင့် ရတနာ တံသင်းများနှင့် ရွှေတိဂုံပုံတူ စေတီတော် များကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ရွှေတိဂုံပုံတူ စေတီတော်များ၊ မဏိကျောက်မျက်ရတနာ ကျောက်စိမ်း မြတ် ဗုဒ္ဓရုပ်ပွားတော်နှင့် အလယ်ဌာပနာ မော်ကွန်းကမ္ပည်း ရွှေပြားတော် တို့ကို လည်းကောင်း သွင်းလှူပူဇော်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က အလယ်ဌာပနာတော်တိုက်၌ ကျောက်မျက် ရတနာမျိုးစုံကို ကြဲဖြန့်ပူဇော်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ခင်မောင်ထွန်းက အလယ် ဌာပနာတော်တိုက်ကို ပိတ်သိမ်းပေး သည်။

ဆရာတော်ထံ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ကိုယ်စား ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး စေတီတော်၌ဌာပနာမည့် အောင်တော်မူ ပလ္လင်္ကဗုဒ္ဓပဋိမာ ဆင်းတုတော်အား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ဘုရားဒါယကာများက အလယ်ဌာပနာ တော်တိုက်ကို ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဆရာတော်၊ သံဃာ တော်များက ဦးဆောင်၍ 'ဇယန္တော ဗောဓိယာမူလေ' အစချီသော ဇယမင်္ဂလာ အောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြ သည်။

ပက်ဖျန်းပူဇော်

ယင်းနောက် ပန်းလည်တိုင် စိုက်ထူ ခြင်း မင်္ဂလာအခမ်းအနားကို စေတီတော် ငြမ်းအထက်၌ ကျင်းပရာ မင်္ဂလာအချိန်တွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ပုရိတ္ထိမ ဒိသာအရှေ့ရပ်မှလည်းကောင်း၊ ဘုရား ဒါယကာ နိုင်ငံတော်အကြီးအကဲ မိသားစု သည် ဒက္ခိဏဒိသာ တောင်အရပ်မှလည်း ကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်သည် ပစ္ဆိမဒိသာ အနောက် အရပ်မှလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်သည် ဥတ္တရဒိသာ မြောက်အရပ်မှ လည်းကောင်း အသီးသီး နေရာယူကြပြီး

စာမျက်နှာ ၅ ကော်လံ ၁

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ရတနာဃရ ပဋိမာ ရုပ်ပွား ဆင်းတုတော်အား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ဇယ်ဂျ်ကိုဘော့စ်ညက်အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

ထမ်းဆောင်

မစ္စတာဇယ်ဂျ်ကိုဘော့စ်ညက်သည် ၁၉၄၆ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် ခရိုအေးရှားနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၄င်းသည် ၁၉၆၈ခုနှစ်တွင် ဇာဂရက်(ဘ်)တက္ကသိုလ်မှ စီးပွားရေးဘွဲ့ရရှိခဲ့ပြီး ၁၉၇၃ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဆိုင်ရာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၃ခုနှစ်မှ ၁၉၉၇ခုနှစ်အထိ ဖင်လန်နိုင်ငံတွင် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သံရုံးယာယီတာဝန်ခံအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ ဖင်လန်နိုင်ငံနှင့် အက်စတိုးနီးယားနိုင်ငံများ၌ သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၃ခုနှစ်တွင် ဥရောပပေါင်းစည်းရေးအဖွဲ့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၌ သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ကနေဒါနိုင်ငံဆိုင်ရာ ခရိုအေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မွန်ထရီယယ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့အစည်း၌ ခရိုအေးရှားနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ဥရောပသမဂ္ဂနှင့် ဥရောပဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၌လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၈ခုနှစ်မှ ယနေ့အထိ လုံခြုံရေးသုံးသပ်မှုနှင့် ဆက်သွယ်ရေးဦးစီးဌာန အကြီးအကဲနှင့် သံအမတ်ကြီးတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဇယ်ဂျ်ကိုဘော့စ်ညက်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

ညအပူချိန် ဟားခါးတွင် သုညဒီဂရီစင်တီဂရိတ်ရှိပြီး လားရှိုးနှင့် ပင်လောင်းတို့၌ ၃ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၉

ဖေဖော်ဝါရီ ၁၀ရက် (ယနေ့) ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရလျှင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ၁၀ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

တိမ်အသင့်အတင့်

ဖေဖော်ဝါရီ ၉ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေနေကို ဖော်ပြရပါက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များ

ညအပူချိန်များမှာ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီ ဂရိတ်အထိ လျော့နည်းခဲ့သည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ ကျန်ဒေသများ၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် ပင်လောင်းမြို့တို့တွင် ၃ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့နှင့် အမ်းမြို့တို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

လှိုင်းအသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

စာမျက်နှာ ၄ မှ

ရတနာပန်းလည်တိုင်ကို စေတီတော်၌ တည့်မတ်စွာစိုက်ထူကြကာ ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ပြန်လည်ပို့ဆောင်

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ဦးဆောင်၍ 'ဇယန္တော ဗောဓိယာမူလေ' အစရှိသော ဇယမင်္ဂလာအောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြပြီး အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းကို ဖတ်ကြား၍ အမျှပေးဝေကာ ဒေဝဂမနဝေလာဂါထာဖြင့် နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်တို့က "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီး နံနက် ၉နာရီ မိနစ်၅၀ တွင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပေးသည်။

နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဘုရားဒါယကာများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် သတ္တဌာန မူလဌာပနာတော်သွင်းခြင်း၊ အလယ်ဌာပနာတော်သွင်းခြင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနားတွင် ရတနာပန်းလည်တိုင်ကို စေတီတော်၌ တည့်မတ်စွာ စိုက်ထူကြစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ပဋိမာရုပ်ပွားတော်များကို မူလဌာပနာတိုက်ရှိ သတ်မှတ်နေရာများ၌ သွင်းလှူပူဇော်စဉ်။ (သတင်းစဉ်)

ဘုရားဒါယကာ နိုင်ငံတော် အကြီးအကဲမိသားစုက အနိမိသ၊ စင်္ကမ၊ ရတနာဃရ၊ အဇပါလနှင့် မုစလိန္ဒသတ္တဟ ရုပ်ပွားတော်များကို မူလဌာပနာတိုက်တော်၌ သွင်းလှူပူဇော်စဉ်။

(သတင်းစဉ်)

အိုင်တီဖြင့် ဘွဲ့ရရှိထားပြီးသူများအတွက် သီးသန့်ရည်ရွယ် လုပ်ငန်းခွင်အကြို သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

MPEC

Myanmar Professionals Education Centre

SOFTWARE ENGINEERING

IT နှင့် ပတ်သက်သော Bachelor Degree ၊ Master Degree အထိ ရရှိထားသူများ၊ Higher Diploma အဆင့်အထိ အောင်မြင်ပြီးသူများအနေဖြင့် IT Industry သို့ Professional Applications Developer တစ်ဦးအဖြစ် လုပ်ငန်းခွင် ဝင်ရောက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားသော လုပ်ငန်းခွင်အကြိုသင်တန်းဖြစ်သည်။ ထို့ပြင် လက်ရှိ IT Industry ၌ လုပ်ငန်းခွင် ဝင်ရောက်နေသူများလည်း မိမိတို့၏ လိုအပ်ချက်အရ တက်ရောက်နိုင်သည်။

တစ်ခုတည်းသောသင်တန်း

အဆိုပါ သင်တန်းတွင် Professionals Applications Developer တစ်ဦးဖြစ်စေရန်အတွက် အဓိကလိုအပ်ချက်များကို သင်ကြားပေးမည်ဖြစ်ပြီး စာတွေ့နှင့် လက်တွေ့ လုပ်ငန်းခွင်ကြားတွင်ရှိသော ကွာဟချက်များကို ဆက်စပ်၍ ပေါင်းကူးသင်ကြားပေးနိုင်သည့် တစ်ခုတည်းသော သင်တန်းဖြစ်သည်။

သင်တန်းတွင် Microsoft. NET Framework & Visual Studio, Web Based & Windows Based Applications, Database Designs & Management, Software Engineering နှင့် Application Software Architecture စသည်တို့ကို သင်ကြားပေးသွားမည်ဖြစ်ပြီး Industry Based Project တစ်ခုကိုပါ Project Management စနစ်ဖြင့် ရေးသားရမည်ဖြစ်သည်။

လေ့ကျင့်သင်ကြား

သင်တန်းကို Myanmar Information Technology Pte Ltd. မှ Technical Director ဦးဇော်မိုးထွန်းနှင့် MIT မှ လုပ်သက်ခုနစ်နှစ်နှင့်အထက်ရှိသူများက ဦးစီး၍ သင်ကြားပေးမည်ဖြစ်သည်။ ထို့အပြင် MIT က Software ရေးသားနည်းများကို အခြေခံ၍ လက်တွေ့လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် အခက်အခဲမရှိစေရန်အတွက် အခြေခံလိုအပ်ချက်များမှစ၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ ထို့ပြင်သာမက MIT မှ Experience ရှိသူ Project Manager များက Software Product များ ရေးသားခြင်းများနှင့် စပ်လျဉ်းသော Experience Sharing အစီအစဉ်များလည်း သင်တန်းတွင် ပါဝင်မည်ဖြစ်သည်။

စတင်ဖွင့်လှစ်

သင်တန်းတက်ရောက်ပြီးသူ တစ်ဦးအနေဖြင့် IT Industry သို့ ကျွမ်းကျင်၍ အရည်အချင်းပြည့်ဝသော Professionals Applications Developer တစ်ဦးအဖြစ် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝဖြင့် ဝင်ရောက်နိုင်မည်ဖြစ်ပြီး အဆိုပါသင်တန်းကို ဖေဖော်ဝါရီလမှ စတင်၍ ဖွင့်လှစ်မည်ဖြစ်ကာ ရုံးချိန်ပြင်ပ သင်တန်းချိန်များကိုသာ ဖွင့်လှစ်မည်ဖြစ်သည်။

တက်ရောက်နိုင်

IT ဖြင့် ဘွဲ့ရထားသူ မဟုတ်သူများ၊ တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ထားသူများနှင့် တက္ကသိုလ်တက်ရောက်နေဆဲ ကျောင်းသား ကျောင်းသူများအနေဖြင့် IT Industry တွင် ဝင်ရောက်လုပ်ကိုင်လိုပါက Software Engineering နှင့် စပ်လျဉ်းသော အဓိကဘာသာရပ် ခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင် Project အတွေ့အကြုံများကိုပါ ထည့်သွင်းသင်ကြားပေးသည့် MPEC မှ ဖွင့်လှစ်သော Diploma in Software Engineering သင်တန်းကို တက်ရောက်နိုင်သည်။

စုံစမ်းမေးမြန်းနိုင်

ယင်းသင်တန်းများကို စိတ်ပါဝင်စား၍ သင်တန်းတက်ရောက်လိုသူများသည် Myanmar Professionals Education Centre အမှတ် ၁၁၂ အခန်း(၁၁၊ ၁၂) (၈)မိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် ၆၅၀၁၂၄ တို့သို့ ဆက်သွယ်၍ အသေးစိတ်အချက်အလက်များကို စုံစမ်းမေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

မြန်မာ-လာအိုနိုင်ငံတို့အကြား မြို့နယ်အဆင့် နယ်ခြားကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား မြို့နယ်အဆင့် နယ်ခြားကော်မတီ၏ ပထမအကြိမ် အစည်းအဝေး ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တာချီလိတ်မြို့၌ ကျင်းပရာ မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်များအဖွဲ့ ခေါင်းဆောင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဘွန်ခက် ဆန်ဆွန်မ်ဆက်ခ်တို့ တက်ရောက်ပြီး အမှာစကား ပြောကြားကြသည်။

တက်ရောက်

အဆိုပါအစည်းအဝေးဖွင့်ပွဲသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွေလီအေ ဆုဖာခက်၊ မြန်မာ-လာအို မြို့နယ်အဆင့် နယ်ခြားကော်မတီ ဥက္ကဋ္ဌများ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဒေသအာဏာပိုင်များ၊ လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်နှင့် နယ်စပ်ကုန်သွယ်ရေးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ထို့နောက်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာ-လာအိုနိုင်ငံတို့အကြား မြို့နယ်အဆင့် နယ်ခြားကော်မတီဥက္ကဋ္ဌများ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် လုံခြုံရေး၊ နယ်စပ်ကုန်သွယ်မှု တိုးမြှင့်ရေးနှင့် ပြည်သူများအကြား အပြန်အလှန်လည်ပတ်မှု တိုးမြှင့်ရေးစသည့် ပူးပေါင်းဆောင်ရွက်မှုများကို ရင်းနှီးစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင်
ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

လူမှုဖူလုံရေးအဖွဲ့ပိုင် ထန်းတပင် တီဘီဆေးရုံမှ အထူးကုအဖွဲ့ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၉

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ပိုင် ထန်းတပင်မြို့နယ် တီဘီရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခိုင်ချိုမြင့် ဦးဆောင်သော အထူးကုအဖွဲ့သည် ဇန်နဝါရီ ၃၀ရက်က ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ မြန်မာပေါ်စကိုစတီးသွပ်ပြားစက်ရုံမှ အာမခံအလုပ်သမားအား မေးခိုင်ကာကွယ်ဆေး ထိုးပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ပြုလုပ်ပေးပြီး ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြုလုပ်ပေးခဲ့သည်။

ဟောပြောဆွေးနွေး

ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းအဖြစ် ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများအကြောင်းနှင့် HIV/AIDS နှင့် ကူးစက်ရောဂါ ကာကွယ်နည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး အရေးကြီးပုံများအပြင် လူမှုဖူလုံရေးအဖွဲ့၏ ဝန်ဆောင်မှုများအကြောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(လူမှုဖူလုံရေး)**

လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်အပ်သော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ အဌမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယနှင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များက လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

သီလခံယူဆောက်တည်

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရွာမပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူတို့က ဆရာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ အမျှပေးဝေ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးချမ်းသာကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိကာဘိဝံသထံမှ ဧည့်ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော ဧည့်ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ အဌမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးများအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြစဉ်။ (သတင်းစဉ်)

မီးသတ်လိုင်းခန်းများ သန့်ရှင်းရေးနှင့် ရေရှည်တည်တံ့ရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၉

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၅ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် မီးသတ်စခန်းရှိ ယာဉ်/ စက်များ ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေတို့ကိုစစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်နှင့် စည်းလုံးမှုရှိစေရန် လိုင်းခန်းများ သန့်ရှင်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်းသိရသည်။ **(အောက်ပုံ)** **(မြို့နယ်မီးသတ်)**

ဥပဒေပညာရပ် ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ နေရာပြောင်းရွှေ့ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ဖေဖော်ဝါရီ ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည့် First To Fifth Batch (B.A, LAW, LL.B) ဥပဒေပညာရပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း တက္ကသိုလ်များ ဓမ္မာရုံနေရာ(အစား) ဗဟန်းမြို့နယ် M3 Food Center ပိတောက်ခန်းမ၌ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ဂျပန်နိုင်ငံ The Nippon Foundation တို့ ပူးပေါင်းကျင်းပသည့် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ၊ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဇာတိမာန်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက အမှာစကားပြောကြားပြီး အလှူရှင် The Nippon Foundation ဥက္ကဋ္ဌ Mr. Yohei Sasakawa က ဆေးသေတ္တာများ လှူဒါန်းရသည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ၊ အလှူရှင် Mr. Yohei Sasakawa တို့က ဆေးသေတ္တာများကို ကျေးရွာအုပ်စု ကိုယ်စားလှယ်များထံသို့ အသီးသီးပေးအပ်ကြသည်။

ဖြန့်ဝေပေး

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများ၊ ကွမ်းခြံကုန်းမြို့ရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် The Nippon Foundation မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၁၃မြို့နယ်မှ ကျေးရွာပေါင်း ၅၀၀အတွက် တိုင်းရင်းဆေးသေတ္တာ အလုံး ၅၀၀ကို ဖြန့်ဝေပေးအပ်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒုတိယအကြိမ် အမျိုးသားကာကွယ်ဆေးတိုက်ခြင်း အခမ်းအနား ကျင်းပရာ ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်းသို့ သွားရောက်၍ ဆေးတိုက်စုရပ်သို့ ရောက်ရှိလာကြသော ကလေးသူငယ်များအား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **သဘာဝဘေးဖောင်ပိတ်သတင်း**

ဩစတြေးလျ၌ မီးလောင်ကျွမ်းမှုဖြစ်ပွား ၁၃၀သေဆုံးပြီး နေအိမ် ၇၅၀ခန့် မီးလောင်

ကင်ဘာရာ ဖေဖော်ဝါရီ ၉

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ မြောက်ဘက် ကီလိုမီတာ ၈၀ခန့်အကွာ ကင်းလိတ်မြို့နှင့် အခြားနေရာများ၌ တောမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ ဖေဖော်ဝါရီ ၉ရက် ဒေသစံတော်ချိန် ည ၇နာရီအထိ သေဆုံးသူ ၁၃၀ရှိပြီဖြစ်ကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

လောင်ကျွမ်း

မီးလောင်ရာဒေသများ၌ လေပြင်းများတိုက်ခတ်နေသဖြင့် ကူးစက်မီးလောင်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ နေအိမ် စုစုပေါင်း ၇၅၀ခန့် မီးလောင်ကျွမ်းခံရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ထို့အတူ စိုက်ပျိုးမြေ ဟက်တာ ၃၃၀၀၀၀ ခန့်ရှိ ကောက်ပဲသီးနှံများ မီးလောင်ခံရကြောင်း၊ မီးမှာဆက်လက် လောင်ကျွမ်းလျက်ရှိကြောင်း၊ ဩစတြေးလျနိုင်ငံတွင် အပူချိန်မြင့်တက်နေမှုကြောင့်လည်း တောမီးများကူးစက်လောင်ကျွမ်းခြင်း ဖြစ်ကြောင်း သတင်း၌ ဆက်လက် ဖော်ပြသည်။ (အင်တာနက်)

သီရိလင်္ကာအရှေ့မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ ၂၈ဦးသေဆုံး၊ အများအပြား ဒဏ်ရာရ

ကိုလံဘို ဖေဖော်ဝါရီ ၉

သီရိလင်္ကာနိုင်ငံ အရှေ့မြောက်ပိုင်း ဗစ်ရှဝါမာဒူမြို့တွင် ဖေဖော်ဝါရီ ၉ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ဒေသခံ ၂၈ဦး သေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သီရိလင်္ကာစစ်ဘက်မှ သတင်းထုတ်ပြန်သည်။

ဆေးကုသ

သေဆုံးသူများတွင် အမျိုးသမီးများနှင့် အရပ်သားများအပြင် သီရိလင်္ကာ တပ်ဖွဲ့ဝင်အချို့လည်း ပါဝင်ကြောင်း၊ ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံသို့ တင်ပို့ကာ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။ ယခု တိုက်ခိုက်မှုမှာ တမီးလ်ကျား သူပုန်တို့၏ လက်ချက်ဖြစ်နိုင်ကြောင်း၊ သေဆုံးသူဦးရေ တိုးလာဖွယ်ရှိကြောင်း သီရိလင်္ကာစစ်ဘက်မှ ပြောကြားသည်။

မြန်မာ့အလင်း **ဖောင်ပိတ်အားကစားသတင်း**

ချယ်လ်ဆီးနည်းပြအဖြစ်မှ စကိုလာရီ ထုတ်ပယ်ခံရ

လန်ဒန် ဖေဖော်ဝါရီ ၉

အသင်း၏ အောင်မြင်မှုများကို ထိန်းသိမ်းနိုင်ရန်နှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် နည်းပြစကိုလာရီကို ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က ဖေဖော်ဝါရီ ၉ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်တန်းစီဇယား၌ ထိပ်ဆုံးမှ မန်ယူနှင့် ခုနစ်မှတ်ကွာကာ စတုတ္ထနေရာသို့ ရောက်ရှိနေသည့်အတွက် အသင်းအောင်မြင်မှု ပြန်လည်ရရှိရန် စကိုလာရီအား နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ခြင်းဖြစ်သည်။

တာဝန်ယူခဲ့

စကိုလာရီသည် ဘရာဇီးလ်အသင်းကို ၂၀၀၂ခုနှစ်က ကမ္ဘာ့ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပြီး ချယ်လ်ဆီးနည်းပြဟောင်း အေဗရမ့်ဂရန့်၏နေရာတွင် ၂၀၀၈ခုနှစ် ဇွန်လက အစားထိုးဝင်ရောက်ကာ နည်းပြအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဟိုတယ်မီးလောင် အဆောက်အအုံအစိတ်အပိုင်းများပျက်စီး

ပေကျင်း ဖေဖော်ဝါရီ ၉

တရုတ်နိုင်ငံ ပေကျင်းမြို့တော်အရှေ့ပိုင်းတွင် တည်ရှိသည့် မင်ဒရင်အိုရီရင်တယ် ဟိုတယ်နှင့် ယဉ်ကျေးမှုဌာနအဆောက်အအုံတို့၌ ဖေဖော်ဝါရီ ၉ရက် ည ၉နာရီခွဲက မီးလောင်မှုဖြစ်ပွားကြောင်း တရုတ်မီးသတ်တပ်ဖွဲ့အရာရှိများက ပြောကြားသည်။

ယခုနှစ်အတွင်း ဖွင့်လှစ်ရန်စီစဉ်ထားပြီး အပြီးသတ်တည်ဆောက်မှု ဆောင်ရွက်နေသော အခန်း၂၄၁ခန်းပါရှိသည့် မင်ဒရင်အိုရီရင်တယ်၏ မြေညီထပ်မှ အပေါ်ဆုံးထပ်အထိ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးငြိမ်းသတ်

မီးစတင်လောင်ကျွမ်းမှုနှင့် ပတ်သက်၍ အသေးစိတ် မသိရသော်လည်း ဟိုတယ် အစိတ်အပိုင်းအများအပြား မီးလောင်ကျွမ်းမှုခံခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။ (အင်တာနက်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၉

ပြည်မြန်မာသတင်းဂျာနယ် အမှတ် ၆၅၄ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ကျောက်မျက်ရတနာ ပြတိုက်သစ်ကြီးကို နေပြည်တော်တွင် မကြာမီ ဖွင့်လှစ်တော့မည်၊ ယခုနှစ် အကယ်ဒမီမှာ အမျိုးသမီးသရုပ်ဆောင်များ ဆုမရရှိသည့် အကြောင်းရင်း၊ မြန်မာနိုင်ငံရောက် ဆိုးလ်မြို့က ကိုရီးယားသီလရှင်လေး၏ ငွေနှင့်ပစ္စည်းများခိုးသည့် တရားခံမိပြီ၊ ရန်ကုန်မြို့တွင် အထူးဈေးရောင်းပွဲတော်၌ နှစ်ပေခန့်မြင့်၍ ခိုင်းစေနိုင်သည့် စက်ရုပ်များ ရောင်းချမည်၊ အချစ်နယ်ကျွံ၍ လွန်လွန်ကျူးကျူးဖြစ်ပြီးကာမှ လက်မထပ်လိုသဖြင့် တည်းခိုခန်းတွင် သတ်လိုက်သည့် တရားခံဖမ်းမိ၊ ဓာတ်ငွေ့ပိုက်လိုင်းများ ပြင်ဆင်ပြီး၍ ရန်ကုန်မြို့တွင် လျှပ်စစ်ပိုမိုရရှိလာနိုင်၊ မြို့တော်ဆေးခန်းတွင် အပတ်စဉ် အခမဲ့မျက်စိခွဲစိတ်ကုသပေးမည်၊ ပင်လယ်ဓားပြအန္တရာယ်မှ ကာကွယ်ရန် မြန်မာ သင်္ဘောသားတို့အား သင်တန်းပေးလျက်ရှိ၊ မြန်မာ့ပဲစင်းငုံ ပြည်ပဈေးကွက်တွင် ပြန်လည်ဈေးမြင့်လာ၊ လားရှိုးမြို့ လေလံပွဲကို ကားစီးရေ များပြားသည့်အတွက် သုံးရက်ကြာကျင်းပမည်၊ ကမ္ဘာပေါ်တွင် တစ်ခုတည်းသော မြန်မာ့ပထမဆုံးသနပ်ခါး ပြတိုက် ပုဂံတွင်ဖွင့်လှစ်၊ တကယ့်ကြက်တူရွေးနှင့် တူလွန်းသည့်သစ်ခွ၊ ဘုရင့်နောင် ပွဲရုံနှင့် ယာဉ်ရပ်နားစခန်းဝင်းအတွင်း ၁၀နာရီခန့်ကြာ ယာဉ်ကြောပိတ်ဆို့မှုကြီး ဖြစ်ပြန်၊ မိမိရုပ်ရည်အတိုင်းရှိ၍ မိမိအသံအတိုင်းပြောနိုင်သည့် စက်ရုပ်များကို အော်ဒါအပ်နိုင်ပြီ၊ သွားကိုက်ပျောက်ဆေးတစ်မျိုးကြောင့် ကလေးငယ် ၈၄ဦးသေဆုံး၊ ဆင်လေးတစ်ကောင် ကြွပ်ကြွပ်အိတ်စားမိ၍ သေဆုံး၊ ကမ္ဘာ့ဈေးအသက်သာဆုံး Laptop ကွန်ပျူတာများကို ၁၀ဒေါ်လာခန့်ဖြင့် ရနိုင်မည်၊ ဦးနှောက်ထဲ ကျည်ဆန်ဝင်နေသည်ကို ငါးရက်လုံးလုံး မသိခဲ့သော်လည်း သုံးနှစ်သားလေး အသက်မသေ၊ ဓာတ်ဆီတင်ကား မှောက်သွားပြီးနောက် လူများဝိုင်းအုံ၍ ဓာတ်ဆီများ ရယူရန်ကြိုးစားစဉ် မီးလောင်၍ လူ ၁၁၁ဦးသေဆုံး၊ ၄၃ ပေရှည်လျားသော မြွေကြီး၏ ရုပ်ကြွင်းကို တွေ့ရှိ၊ မိုဘိုင်းလ်ဖုန်းပေါက်ကွဲမှုဖြစ်၍ လည်ပင်းသွေးလွှတ်ကြောမကြီးကိုထိပြီး သေဆုံး" ... စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပို ၁၂မျက်နှာနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကယားပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁။	စိုက်ပျိုးမြေဧရိယာ	ဧက	၈၈၄၂၃	၁၇၅၁၃၈	၈၆၇၁၅
၂။	ဆည်တမံ	ခု	၂၈	၃၂	၄
၃။	မြစ်ရေတင်လုပ်ငန်း	ခု	-	၃	၃
၄။	ကြိုးဝိုင်းတော	စတုရန်းမိုင်	၇၄	၂၇၀	၁၉၆
၅။	ကြိုးပြင်တော	စတုရန်းမိုင်	-	၂၁၈၀·၇၂	၂၁၈၀·၇၂
၆။	ရထားသံလမ်း	မိုင်	-	၁၀·၆၅	၁၀·၆၅
၇။	ဘူတာရုံ	ရုံ	-	၁	၁
၈။	ကားလမ်း	မိုင်	၃၉၆	၉၁၀/၇·၃၆	၅၁၄/၇·၃၆
၉။	ပေ ၁၈၀နှင့် အထက်တံတား	စင်း	၆	၉	၃
၁၀။	စာတိုက်စခန်း	ခု	၁၁	၁၄	၃
၁၁။	ကြေးနန်းရုံး	ရုံး	၁၀	၁၁	၁
၁၂။	တယ်လီဖုန်းရုံး	ရုံး	၄	၁၅	၁၁
၁၃။	မိုက္ကရိုဝေ့ဗ်စခန်း	ခု	-	၁	၁
၁၄။	အခြေခံပညာကျောင်း	ကျောင်း	၃၃၃	၃၄၁	၈
၁၅။	တက္ကသိုလ်၊ ကောလိပ်	ကျောင်း	-	၃	၃
၁၆။	ဆေးရုံ/ကျန်းမာရေးဌာန	ရုံ/ဌာန	၄၇	၅၃	၆

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အကြို ဂုဏ်ပြု



ပြည်ထောင်စုတစ်ဝန်းသို့ ဆက်သွယ်နိုင်သည့် ကယားပြည်နယ် လွိုင်ကော်မြို့ မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

လွိုင်နန်းဖ ရေလှောင်တမံ

ကယားပြည်နယ် ဒီမောဆိုမြို့နယ် လွိုင်နန်းဖကျေးရွာ ပတ်ဝန်းကျင် လယ်ယာမြေများအတွက် ရေပေးဝေလျက်ရှိသည့် လွိုင်နန်းဖ ရေလှောင်တမံ။ (မြန်မာ့အလင်း)

လွိုင်ကော်တက္ကသိုလ်

ကယားပြည်နယ် အတွင်းရှိ ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာကို လက်လှမ်းတမီ သင်ယူနိုင်ရန် လွိုင်ကော်တက္ကသိုလ် တည်ဆောက်ဖွင့်လှစ်ပေးထားသည်။

(မြန်မာ့အလင်း)

လွိုင်ကော်တက္ကသိုလ်တွင် ဝိဇ္ဇာနှင့်သိပ္ပံအထူးပြု ဘာသာရပ် ၁၂ခု၊ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိရာ ကယားပြည်နယ် အတွင်းရှိ ကျောင်းသား ကျောင်းသူများမှာ မိဘရင်ခွင်မှ မခွဲခွာရဘဲ အဆင့်မြင့်ပညာရပ်များကို လက်လှမ်းတမီ သင်ကြားနိုင်ကြပြီ။

10-2 (07).pmd 1 2/10/2009, 2:45 AM

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုနိုင်ငံ ပြည်ထောင်

နိုင်ငံနှစ်မျိုး

ယနေ့ကမ္ဘာဝယ် ပြည်ထောင်စုနိုင်ငံများနှင့် တစ်ပြည်ထောင်နိုင်ငံများဟူ၍ အသီးသီးတည်ရှိနေကြသည်တွင် မြန်မာနိုင်ငံသည်ကား မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ထွန်းသစ်တည်ရှိလာခဲ့ပါသည်။

ပြည်ထောင်စုသင်ခန်းစာ

အမှန်အားဖြင့်မူ ပြည်ထောင်စုနိုင်ငံအဖြစ် ထွန်းသစ်လာခြင်းနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်သည်လည်း တဖျပ်ဖျပ် တောက်ပလျက် ထာဝရ ရှင်သန်နေရမည်ဖြစ်သော်လည်း ယင်းသို့မဖြစ်ခဲ့သည်မှာ နယ်ချဲ့စနစ်၏ သွေးခွဲအုပ်ချုပ်ခဲ့မှု၊ မီးခိုးမှိုင်းများ ထူထူထပ်ထပ် ကျန်ရှိနေသေးခြင်းလျှင် အကြောင်းရင်းခံဖြစ်ခဲ့သောကြောင့် လွတ်လပ်ရေးသက်တမ်း ဆယ်နှစ်အကျော်တွင် ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားကာ ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ် ရင်ဆိုင်တွေ့ကြုံလာခဲ့ရသည်မှာ သမိုင်းသင်ခန်းစာဖြစ်ခဲ့ပြီ။

လွတ်လပ်ရေး အကြိုကာလတစ်လျှောက်လုံး လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဟု ကြွေးကြော်နိုင်ခဲ့ကာ တစ်နိုင်ငံလုံး စည်းလုံးညီညွတ်ခဲ့ကြခြင်းကြောင့် လွတ်လပ်ရေးရရှိလာရာဝယ် ဆက်လက်၍ ပြည်ထောင်စုမပြိုကွဲရေးသည် ပထမ၊ ပြည်ထောင်စုမပြိုကွဲရေးသည် ဒုတိယ၊ ပြည်ထောင်စုမပြိုကွဲရေးသည် တတိယဟု တစ်နိုင်ငံလုံး စည်းလုံးညီညွတ်စွာ မကြွေးကြော်နိုင်ခဲ့ခြင်းက လစ်ဟာကွက်ကြီး တစ်ကွက်၊ စိမ့်ယိုကွက်ကြီးတစ်ကွက် ဖြစ်ခဲ့ရပါသည်။

တိုင်းရင်းသားတို့ ပျော်ရာမြေ

လွယ်ပလိုင်းနဲ့ ရှမ်းအိုးစည်
ဟန်ချက်အလှ ကဟန်ညီ
တောင်ကွဲစေတီ သာယာစွ
ကိန္နရီ ကိန္နရာအလှ ကယားဒေသ။

တောင်ဇလပ်နီနီပွင့်စုံညီ
ချင်းတို့ဌာနီ နှင်းဝေစည်
ငပလီအလှသာလေစွ
ရခိုင်ရိုးရာစောင့်ထိန်းကြ။

မြူးကြွကဟန်သွက်လက်မြန်ဆန်
ကရင်တို့ရဲ့ ဒုံးယိမ်းသံ
ကြည်သာရွှင်လန်းပီတိဖြန်း
မွန်တို့ရိုးရာ အံ့မခန်း။

လှမ်းကြွလို့လေ ယဉ်ကျေးမှုအမွေ
ဗမာတို့ရဲ့ ပုဂံပြည်
ကချင်မြေမှ မနောအက
ကောက်သစ်စားလို့ မြူးကြွကြွ။

ချစ်စရာ့ဌာနေ မြန်မာပြည်
စည်းလုံးမှုသက်သေ တိုင်းရင်းသားတို့မြေ။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုလျက်-

ခင်ဆန်းဦး(မြန်မာစာ)

ယနေ့တပ်မတော်အစိုးရလက်ထက်

ယနေ့ တပ်မတော်အစိုးရလက်ထက်တွင်မူ အတိတ်ကို သုံးသပ်၊ အနာဂတ်ကိုဆင်ခြင်လျက် ပစ္စုပ္ပန်တွင် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို နေ့မအားညမနား ကြိုးစားဖြည့်ဆည်းလျက် ရှိခြင်းနှင့်အတူ ပြည်နယ်ပြည်မ မခွဲခြား၊ တောင်ပေါ်နှင့်မြေပြန့် တန်းတူထားကာ နယ်စပ်မျဉ်းများအထိ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ထွန်းအောင် ဖော်ဆောင်လျက်ရှိသည့်အပြင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာနေအောင် ဘက်စုံကဏ္ဍစုံ ဖြည့်ဆည်းလျက်ရှိခြင်းကြောင့် ပြည်ထောင်စုတစ်ဝန်းလုံး ညီမျှသောအချိုးဖြင့် ဖွံ့ဖြိုးလာလျက်ရှိနေပါသည်။

ပြည်ထောင်စုအတွက် ဂုဏ်ပြုခရီး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်သော အဖွဲ့သည် ၂၄-၁-၂၀၀၉ရက်နေ့တွင် ရခိုင်ပြည်နယ်ခရီးစတင်ခဲ့ရာ ယင်းခရီးကို ပြည်ထောင်စုကြီးအတွက် ဂုဏ်ပြုခရီးအဖြစ် ပြည်ထောင်စုသားများက ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြ၏။ ယင်းခရီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် မိန့်ကြားသည့် အောက်ပါ ကောက်နုတ်ချက်စကားသည် ပြည်ထောင်စုသားတိုင်း နှလုံးသား၌ မြှုပ်စိုက်ထားရမည့် နှလုံးသားမဏ္ဍိုင်ဖြစ်လေ၏။

နှလုံးသားမဏ္ဍိုင်

"ကိုလိုနီလက်ထက်က ၎င်းတို့၏ Divide and Rule ပေါ်လစီအရ သွေးခွဲအုပ်ချုပ်ခဲ့သဖြင့် တိုင်းရင်းသားအချင်းချင်း ယုံမှားသံသယရှိခဲ့ပြီး ရခိုင်လူမျိုး၊ ဗမာလူမျိုး စသည်ဖြင့် လူမျိုးရေးစိတ်ဓာတ်များ ဖြစ်ပေါ်ခဲ့ရကြောင်း။

"အမှန်မှာ ရခိုင်ပြည်နယ်သည်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရှေးပဝေသဏီကပင် ရခိုင်၊ ဗမာ၊ ပျူ၊ ကမ်းယံ၊ သက် စသည်ဖြင့် တိုင်းရင်းသားပေါင်းစုံ ဥမကွဲသိုက်မပျက် စုပေါင်းနေထိုင်လာခဲ့သည့် ပြည်ထောင်စုကလေးတစ်ခုပင် ဖြစ်ကြောင်း။

"ရခိုင်သည်လည်း မြန်မာပြည်တွင်နေထိုင်သည့် မြန်မာလူမျိုးပင်ဖြစ်၍ ရခိုင်၊ ဗမာ စသည်ဖြင့် ခွဲခြားမရပါကြောင်း"

မှန်ပါသည်၊ ပထမမြန်မာနိုင်ငံတော်ကြီးအဖြစ် သမိုင်းသစ် တင်နိုင်ခဲ့သည့် ကာလများမှစ၍ ဤမှာဘက်တစ်လျှောက်လုံး မည်သည့်ဒေသမှာမဆို တိုင်းရင်းသားညီအစ်ကိုများ စုပေါင်းနေထိုင်လျက်ရှိခဲ့သည်မှာ နောင်အနာဂတ်ကမ္ဘာတည်သရွေ့ တည်နေမည့် ပြည်ထောင်စုလက္ခဏာပင် ဖြစ်ပါတော့သည်။

ယနေ့ပြည်ထောင်စုပြည်နယ်များ

ကြည့်ပါ။ ယနေ့ကာလ၏ သဘာဝပကတိ တည်ရှိနေမှုများ၊ ကချင်ပြည်နယ်တွင် ကချင်တိုင်းရင်းသားများနှင့်အတူ ကချင်၊ ချင်း၊ဗမာ၊ရှမ်း၊နာဂ စသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်လျက်ရှိကြသလို ကယားပြည်နယ်၌ ကယား၊ ကယန်း၊ မိုနို၊ကယော၊ ယင်းတလဲ၊ ဂေခို၊ ဂေဘားစသည့် တိုင်းရင်းသားမျိုးနွယ်စုအများနှင့်အတူ ကချင်၊ချင်း၊ ပအိုဝ်း၊ဗမာ၊မွန်၊ ရခိုင်၊ အင်းသားစသော တိုင်းရင်းသားများ။ ကရင်ပြည်နယ်တွင် ကရင်၊ပအိုဝ်း၊မွန်၊ဗမာ၊ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများ။ ချင်းပြည်နယ်တွင် ချင်းတိုင်းရင်းသား မျိုးနွယ်စု၊ မြို၊ ခမီ၊ ဗမာတိုင်းရင်းသားများ။ မွန်ပြည်နယ်တွင် မွန်၊ ဗမာတိုင်းရင်းသားများနှင့်အတူ ကချင်၊ကရင်၊ချင်း၊ ပအိုဝ်း၊ ရခိုင်၊ရှမ်းစသည့် တိုင်းရင်းသားများ။ ရခိုင်ပြည်နယ်တွင် ရခိုင်၊ဗမာတိုင်းရင်းသားများနှင့်အတူ ချင်း၊မြို၊သက်၊ခမီ၊ ဒိုင်းနက်၊ မာရမာကြီး၊ ကမန်စသော တိုင်းရင်းသား မျိုးနွယ်စုများ။ ရှမ်းပြည်နယ်တွင် ရှမ်း တိုင်းရင်းသားများနှင့်အတူ ကချင်၊ကိုးကန့်၊တောင်ရိုး၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ ဗမာ၊ လီဆူး၊ဝ၊အခါ၊ အင်းသားစသည့် တိုင်းရင်းသားများ ဥမကွဲသိုက်မပျက် ချစ်ခင်ရင်းနှီးစွာ နေထိုင်လျက်ရှိကြပါသည်။

ယနေ့ပြည်ထောင်စုတိုင်းများ

ယင်းနည်းတူ တိုင်းဒေသကြီးများ၌လည်း တိုင်းရင်းသားပေါင်းစုံ တည်နေလျက်ရှိကြသည်မှာ ဤသို့ဖြစ်ပါ၏။

စစ်ကိုင်းတိုင်း၌ ဗမာ၊ ရှမ်း၊ နာဂ၊ ချင်း၊ ကဒူး၊ ကနန်း တိုင်းရင်းသားမျိုးနွယ်စုများ။ တနင်္သာရီတိုင်း၌ ဗမာ၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ဆလုံတိုင်းရင်းသားမျိုးနွယ်စုများ။ ပဲခူးတိုင်း၌ ကရင်၊ ဗမာ၊ မွန်၊ချင်း၊ ရခိုင်၊ပအိုဝ်း တိုင်းရင်းသားမျိုးနွယ်စုများ။ မကွေးတိုင်း၌ ဗမာ၊ ချင်း၊ ရခိုင်၊ကရင်၊ရှမ်း စသည့် တိုင်းရင်းသားမျိုးနွယ်စုများ။ မန္တလေးတိုင်း၌ ဗမာတိုင်းရင်းသားများနှင့် ရှမ်း၊ ဓနု၊ လီဆူး၊ပလောင်၊ကချင်၊ကရင်နှင့် ချင်းတိုင်းရင်းသားမျိုးနွယ်စုများ။ ရန်ကုန်တိုင်း၌ ဗမာနှင့်အတူ ကချင်၊ကရင်၊မွန်၊ရခိုင်၊ရှမ်း စသည့် တိုင်းရင်းသားများ။ ဧရာဝတီတိုင်း၌ ဗမာ၊ ကရင်နှင့် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများ စုပေါင်း နေထိုင်ကြပါသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းဝယ် မည်သည့်ပြည်နယ်၊ မည်သည့်တိုင်းမှာမဆို အမျိုးတစ်မျိုးတည်း မတည်ရှိဘဲ တိုင်းရင်းသားမျိုးနွယ်စုများစွာ ပေါင်းစည်းလျက်သာ တည်ရှိနေသည်မှာ ပြည်ထောင်စု စစ်စစ်၏ ဒြပ်ပုံဖြစ်ပါသည်။

ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ်

"ထို့ကြောင့် ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း။

"ပြည်ထောင်စုတိုင်းရင်းသားများအားလုံး တစ်မြေတည်းနေ တစ်ရေတည်းသောက်သူများဖြစ်၍ တစ်စိတ်တစ်ဝမ်းတည်း ရှိကြရမည်ဖြစ်ကြောင်း"

နိုင်ငံတော်ဝန်ကြီးချုပ်

ယခင်ရခိုင်

ယနေ့ တပ်မတော်အစိုးရ လက်ထက်မတိုင်မီအထိ အဆက်ဆက်သော အစိုးရများလက်ထက် ယခင်ကာလများတုန်းက ရခိုင်ပြည်နယ်အတွက် အခက်ဆုံးသော အခက်ကြီးမှာ ကားလမ်းမဲ့ ရခိုင်၊ ရထားလမ်းမဲ့ ရခိုင်ဖြစ်ခဲ့ရခြင်းပင်ဖြစ်၏။ ရခိုင်ရိုးမခေါ် အနောက်ရိုးမတောင်တန်းကြီးက ကာဆီးထားသောကြောင့် အခြားသောဒေသများသို့ လွယ်လင့်တကူ သွားလာဆက်သွယ်ရေး နှောင့်နှေးခဲ့ရ၏။ အမ်းတောင်ကြားလမ်းနှင့် တောင်ကုတ်တောင်ကြားလမ်းဟူ၍ အမည်သာရှိပြီး အမှန်တကယ်သွားနိုင်ဖို့ အလွန်ခက်ခဲခဲ့၏။ ထို့ကြောင့် ရေလမ်းကိုသာ အားပြုသွားလာနေရသည့်အတွက် အရာရာ နှောင့်နှေးကြန့်ကြာခဲ့ရ၏။ လူနေမှုအဆင့်အတန်းနှင့်တကွ လူမှုဘဝ၊ လူမှုစီးပွားဘဝများ နိမ့်ကျခဲ့ရ၏။

ယခုရခိုင်

ယနေ့ တပ်မတော်အစိုးရလက်ထက်တွင်မူ ရန်ကုန်မှစစ်တွေသို့ကားဖြင့် တိုက်ရိုက်သွားလာနိုင်အောင် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီး (၂၀၂မိုင် ၃ဖာလုံ)ကို ၁၉၉၆ခုနှစ်မှ စတင်ဖောက်လုပ်ခဲ့ရာ ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကားလမ်းဖွင့်လှစ်နိုင်ခဲ့၏။ သာမန်မြေပြန့်မဟုတ်ဘဲ တောင်တန်းများ၊ မြစ်ချောင်းများ၊ နွံတောများကို ခက်ခဲစွာဖြတ်ကျော်ဖောက်လုပ်ရခြင်းဖြစ်သဖြင့် ပေ(၁၈၀)အထက် မြစ်ကူး၊ ချောင်းကူး တံတားကြီးပေါင်း (၂၇)စင်း၊ ပေ(၁၈၀)အောက် တံတားပေါင်း(၁၀၆၇)စင်း တည်ဆောက်ခဲ့ရ၏။ ငွေကြေးပမာဏ အမြောက်အမြားသုံးစွဲပြီး ခက်ခက်ခဲခဲဖြင့် မဖြစ်မနေတည်ဆောက် ပေးထားခြင်းဖြစ်ကြောင်း ပြည်နယ်သားများက ပို၍ သိကြပါမည်။

ယင်းအပြင် ရန်ကုန်-ကျောက်ဖြူ ကားလမ်းမကြီးကိုလည်း တောင်ကုတ်မှတစ်ဆင့် ဖြတ်လျက်တည်ဆောက်ပေးထားရာ ပေ(၁၈၀)အထက် တံတားကြီးပေါင်း (၁၆)စင်း၊ ပေ(၁၈၀)အောက် တံတားပေါင်း (၈၇၉)စင်း ဆောက်လုပ်ခဲ့ရ၏။ ဤလမ်းတွင် အချို့နေရာများ၌ နွံလတာပြင်ကျယ်ကြီးများကို ကျော်ဖြတ်ဖောက်လုပ်ရခြင်းဖြစ်ရာ (Geo-Textile) ဓာတုပစ္စည်းများ သုံး၍ပင် တည်ဆောက်ခဲ့ရ၏။ ယင်းလမ်းမကြီးနှစ်လမ်းအပြင် သံတွဲ-ဂွမှတစ်ဆင့် ဧရာဝတီတိုင်း ငါးသိုင်းချောင်းသို့ တစ်လမ်းတိုးဖောက်ပေးနိုင်သဖြင့် ယခုအခါ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာပါပြီ။

ယနေ့တပ်မတော်အစိုးရသည် မည်မျှခက်
မရှိသလို စီးပွားရေးတွက်ခြေကိုက်၊ မကိုက်ကိုလည်
အချင်းချင်း ကူးလူးဆက်ဆံနိုင်စေရန်၊ ပြည်နယ်အ
ယင်းမှတစ်ဆင့် ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်
စေတနာထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြ
ခံစားနေကြရပါသည်။

အနာဂတ်ရခိုင်

နိုင်ငံတော်ဝန်ကြီးချုပ်၏ ယခုရခိုင်ခရီးစဉ်
များမှ ဝန်ကြီးများ လိုက်ပါသွားကြရာ ထိုထိုဝန်ကြီ
များသည် အနာဂတ်ရခိုင်၏ အင်အားသစ်များ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗို
ရှင်းလင်းချက်··· **နိုင်ငံတော်အကြီးအကဲက မြ**
မီးရထားကွန်ရက်ဖြစ်စေရန်၊ အမျိုးသား မီးရထ
ပြည်နယ်နှင့်တိုင်းအားလုံး ရထားလမ်းများ ဖော
ရခိုင်ပြည်နယ်၌လည်း ရထားလမ်း အမြန်ဖေ
မှာကြားခဲ့မှု အခြေအနေ၊ လမ်းညွှန်ချက်နှင့်အ
အမ်းရထားလမ်းဖောက်လုပ်ရန် မြေပြင်တိုင်းထွာ
အခြေအနေ၊ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်
ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်တွေဘက်မှလည
ပုဏ္ဏားကျွန်း (၂၆)မိုင်၊ ပုဏ္ဏားကျွန်းမှ ကျောက်တေ
မြောက်ဦး(၃၂)မိုင်၊ မြောက်ဦးမှ မင်းပြား (၁၆)
ဆောင်ရွက်သွားမည့် အခြေအနေတို့နှင့် စပ်လျဉ်း
အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝ
တင်ပြရှင်းလင်းချက်...**ရှိပြီး လျှပ်စစ်ဓာတ်အား**

ဓီးချောင်း ရေလှောင်တမံ

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ဓီးချောင်းရေလှောင်တမံ၏ သဘာဝရှုခင်း အလှမြင်ကွင်း····။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အားပြည့်ထုတ်လုပ်ပေးနိုင်ရေး၊ ရေအားလျှပ်စ
အမြစ်များ ရှာဖွေရေး၊ လက်ရှိလုပ်ဆောင်နေ
ပြီးစီးရေး ဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် ကြိုပ
အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း လိုအပ်သောလျှ
ပေးနိုင်ရေးအတွက် သူငွေးချောင်း ရေအားလျှပ်
ရေအားလျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်လျက
တွင် စိုင်တင်ရေအားလျှပ်စစ်စီမံကိန်းကို ဝန်ကြီးဌ
ဆောင်ရွက်သွားမည့်အခြေအနေနှင့် ယင်းရေအ
ပြီးစီးသွားလျှင် ရခိုင်ပြည်နယ်အတွက် လျှပ်စစ်
အခြေအနေတို့ကို ရှင်းလင်းတင်ပြပါသည်။

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နှင့် သံတွဲမြို့အကြား ဆက်သွယ်ပေးထားသည့် အရှည်ပေ ၅၄၀ ရှိ ဒွါရာဝတီတံတား၏ မြင်ကွင်းအလှ····။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပြည်ထောင်စုစိတ်ဓာတ်

ယနေ့တပ်မတော်အစိုးရသည် မည်မျှခက်ခဲပါစေ ဆုတ်နစ်မှု လုံးဝမရှိသလို စီးပွားရေးတွက်ခြေကိုက်၊ မကိုက်ကိုလည်း မကြည့်ဘဲ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံနိုင်စေရန်၊ ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ယင်းမှတစ်ဆင့် ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ မြင့်မားလာစေရန် စေတနာထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြည်ထောင်စုသားတိုင်း သိမြင်ခံစားနေကြရပါသည်။

အနာဂတ်ရခိုင်

နိုင်ငံတော်ဝန်ကြီးချုပ်၏ ယခုရခိုင်ခရီးစဉ်၌ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများ လိုက်ပါသွားကြရာ ထိုထိုဝန်ကြီးများ၏ တင်ပြရှင်းလင်းချက်များသည် အနာဂတ်ရခိုင်၏ အင်အားသစ်များ ဖြစ်လာပါတော့မည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၏ တင်ပြရှင်းလင်းချက်… **နိုင်ငံတော်အကြီးအကဲက မြန်မာ့မီးရထားကို အမျိုးသားမီးရထားကွန်ရက်ဖြစ်စေရန်၊ အမျိုးသား မီးရထားကွန်ရက်ဖြစ်လာဖို့အတွက် ပြည်နယ်နှင့်တိုင်းအားလုံး ရထားလမ်းများ ဖောက်လုပ်ရန်နှင့် ကျန်ရှိနေသည့် ရခိုင်ပြည်နယ်၌လည်း ရထားလမ်း အမြန်ဖောက်လုပ်ပေးရန် လမ်းညွှန်မှာကြားခဲ့မှု အခြေအနေ၊ လမ်းညွှန်ချက်နှင့်အညီ ယခု မင်းဘူး-ပဒန်း-အမ်းရထားလမ်းဖောက်လုပ်ရန် မြေပြင်တိုင်းထွာမှုများ စတင်ဆောင်ရွက်နေမှု အခြေအနေ၊ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းကို မင်းဘူးအပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်တွေဘက်မှလည်း စစ်တွေ(မင်းချောင်း)မှ ပုဏ္ဏားကျွန်း (၂၆)မိုင်၊ ပုဏ္ဏားကျွန်းမှ ကျောက်တော်(၃၄)မိုင်၊ ကျောက်တော်မှ မြောက်ဦး(၃၂)မိုင်၊ မြောက်ဦးမှ မင်းပြား (၁၆)မိုင် စုစုပေါင်း(၉၉)မိုင်ကို ဆောင်ရွက်သွားမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ တင်ပြရှင်းလင်းပါသည်။**

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၏ တင်ပြရှင်းလင်းချက်…**ရှိပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ စက်စွမ်းအားပြည့်ထုတ်လုပ်ပေးနိုင်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် အရင်းအမြစ်များ ရှာဖွေရေး၊ လက်ရှိလုပ်ဆောင်နေသောစီမံကိန်းများ အမြန်ဆုံးပြီးစီးရေး ဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း လိုအပ်သောလျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် သူ့ဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်လျက်ရှိပြီး ဘူးသီးတောင်မြို့နယ်တွင် စိုင်တင်ရေအားလျှပ်စစ်စီမံကိန်းကို ဝန်ကြီးဌာနရှိ နည်းပညာရှင်များဖြင့် ဆောင်ရွက်သွားမည့်အခြေအနေနှင့် ယင်းရေအားလျှပ်စစ်စီမံကိန်းသုံးရပ်ပြီးစီးသွားလျှင် ရခိုင်ပြည်နယ်အတွက် လျှပ်စစ်မီး လုံလောက်စွာ ရရှိမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပါသည်။**

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၏ တင်ပြရှင်းလင်းချက်… **နိုင်ငံတော်တစ်ဝန်းတွင် ဓာတ်အားကွန်ရက်စနစ် စီမံဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် တနင်္သာရီတိုင်းသာ ကျန်ရှိတော့သည့် အခြေအနေနှင့် ၄င်းပြည်နယ်နှင့်တိုင်းများကိုလည်း ဓာတ်အားကွန်ရက်စနစ်ရရှိရေး စီမံ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရခိုင်ပြည်နယ်တွင် သူ့ဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်းများပြီးစီးပါက လျှပ်စစ်မီးတိုးတက်ဖြန့်ဖြူးပေးနိုင်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြပါသည်။**

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ တင်ပြရှင်းလင်းချက်…**ယနေ့ ပညာခေတ်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယို၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် သတင်းစာတို့ဖြင့် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ရခိုင်ပြည်နယ်တွင် မြန်မာ့ရုပ်မြင်သံကြား ကြည်လင်ပြတ်သားစွာ ဖမ်းယူနိုင်ရေးအတွက် ရှိပြီးစက်များကို လွှင့်အားမြှင့်တင်ဆောင်ရွက်မည့် အခြေအနေ၊ စစ်တွေမြို့တွင် MRTV-4 ကြည့်ရှုနိုင်ရေး ဆောင်ရွက်ပေးထားမှုအခြေအနေ၊ ရေဒီယို ကြည်လင်ပြတ်သားစွာ နားဆင်နိုင်ရေးအတွက် စက်သစ်များ တပ်ဆင်ပေးမည့် အခြေအနေ၊ ယခုနှစ်မှစတင်၍ ငွေကုန်ကျသက်သာစွာဖြင့် FM စနစ်ကို ဖမ်းယူနားဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးလေဝသသတင်းများကို FM လိုင်းမှ ဖမ်းယူနားဆင်ခြင်းဖြင့် မုန်တိုင်း အန္တရာယ်ကာကွယ်နိုင်မည့်အခြေအနေ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးထားမှုနှင့် ၄င်းစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်မှုအခြေအနေ၊ ပြည်သူများ နေ့စဉ်သတင်းစာဖတ်ရှုနိုင်ရေးအတွက် စစ်တွေမြို့၌ သတင်းစာတိုက်ခွဲ တည်ထောင်ပေးထားမှု အခြေအနေနှင့် အရည်အသွေးကောင်း သတင်းစာများ ဖတ်ရှုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပါသည်။**

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းတို့က မိမိတို့ဝန်ကြီးဌာနဆိုင်ရာ ဆောင်ရွက်ထားမှုအခြေအနေများကို အသီးသီးတင်ပြ ရှင်းလင်းကြရာ ယင်းတို့သည် အနာဂတ်ရခိုင်ပြည်နယ် ပိုမိုမြင့်မားဖို့ မြှင့်အားတွေ ဖြစ်လာနေပါပြီ။

ဝန်ကြီးအသီးသီးတို့၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်ပြောကြားသည့် အမှာစကားထဲမှ စကားတစ်ရပ်ကို ထုတ်နုတ်မှတ်တမ်းတင်ပါမည်။

“မိမိတို့နိုင်ငံသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာနိုင်ငံဖြစ်သဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်ထာဝရ မွေးမြူသွားကြရန် ဖြစ်ကြောင်း”

သို့ဖြင့် တိုင်းရင်းသားလူမျိုးများ ရေကိုသား၍ အကြားမထင် ချစ်ခင်ပေါင်းစု ပြည်ထောင်စုစိတ်ဓာတ် မတ်မတ်ခိုင်ခိုင် ရွှေ့မယိုင် မဏ္ဍိုင်စိုက်လျက် ရှိကြပါသတည်း။ ။

ဧီးချောင်း ရေလှောင်တမံ

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ဧီးချောင်းရေလှောင်တမံ၏ သဘာဝရှုခင်း အလှမြင်ကွင်း….။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



…ချည်ပေ ၅၄၀ ရှိ
-မြန်မာ့အလင်း)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အားနှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ပြည်ထောင်စု၏ မြတ်မော်ကွန်း

★ ချောင်းငယ် မြစ်လက်တက်
အသွယ်သွယ်ဆက်ကာ
ဧရာနဒီ၊ ဖြစ်တည်လာသို့….။

★ ပြည်မြန်မာဖွား၊ တိုင်းရင်းသားတို့
မခြားတောင်ပေါ်၊ တွဲခေါ်မြေပြန့်
သစ္စာတွေခရီးဆန့်
ပုံ့နှံ့လို့ ရွှာပြည်
ကမ္ဘာတည်သရွေ့ အစဉ်မမေ့
ဒို့…ပြည်ထောင်စုနေ့….။

★ စီးဆင်းခဲ့ဧရာ၊ ရှည်ကြာခရီးတစ်လျှောက်
စပါးကောက်နှံ၊ ပဲ, ကြံ, ပြောင်း, နှမ်း
မခန်းမကုန်၊ ဖူလုံဝမ်းစာ
သာယာဝေစည်၊ ဟန်ချက်ညီလှ
နဒီဧရာ၊ ကဲ့ပမာသို့….။

★ မြန်ပြည်မှာဖွား၊ မြန်ပြည်သားတို့
စိတ်ထားရည်တူ၊ ချစ်ကြည်ဖြူလျက်
ဘယ်သူခွဲခြား၊ မကွဲပြားဘဲ
သွေးသားရင်းတည်၊ ယုံကြည်ခိုင်မာ
ညီညာတွဲလက်၊ အောင်ပွဲဆက်သည်
ခြောက်မှာဆယ်လီ နှစ်နှစ်စွန်း။
ပြည်ထောင်စု၏ မြတ်မော်ကွန်း။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုလျက်-

နရီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းဝယ် မည်သည့် ပြည်နယ်၊ မည်သည့်တိုင်းမှာမဆို အမျိုးတစ်မျိုးတည်းမတည်ရှိဘဲ တိုင်းရင်းသားမျိုးနွယ်စု များစွာ ပေါင်းစည်းလျက်သာ တည်ရှိနေသည်မှာ ပြည်ထောင်စုစစ်စစ်၏ ဒြပ်ပုံဖြစ်။

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးရေး အရည်အသွေးမီ ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ် သွင်းကုန်အစားထိုး ကုန်ပစ္စည်း အမယ်သစ်များတီထွင်

ရန်ကုန် ဖေဖော်ဝါရီ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ မြန်မာဆေးဂဲအင်တာနေရှင်နယ် လီမိတက်၏ အထည်ချုပ်စက်ရုံသို့ ရောက်ရှိရာ ပျဉ်းမပင် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌက စက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် မြန်မာဘရူဝါရီ ကုမ္ပဏီလီမိတက်စက်ရုံသို့ ရောက်ရှိရာ ကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌက စက်ရုံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကုန်ထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပ မြို့နယ် ရွှေပေါက်ကံ စက်မှုဇုန်ရှိ လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေး စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လယ်ယာသုံး စက်ကိရိယာပစ္စည်းများ ထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်ကုန်များ

ထိုမှတစ်ဆင့် Diamond Island Plastic စက်ရုံသို့ ရောက်ရှိရာ ရွှေပေါက်ကံ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်မှုဇုန်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဝန်ထမ်းအင်အား၊ သွင်းကုန်အစားထိုး ထုတ်ကုန်များ ထုတ်လုပ်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

အရည်အသွေးမီ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်တိုင်း အတွင်းရှိ စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုနှင့် အရည်အသွေးမီ ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်ရေး၊ သွင်းကုန် အစားထိုး ကုန်ပစ္စည်းအမယ်သစ်များ တီထွင်ထုတ်လုပ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး မှာကြားပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာဘရူဝါရီ ကုမ္ပဏီလီမိတက်စက်ရုံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ မြန်မာဘရူဝါရီ ကုမ္ပဏီလီမိတက်စက်ရုံတွင် ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့အကြို ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း စီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၅ရက် နံနက် ၁၀နာရီခွဲက အထက(၅)အင်းစိန်ကျောင်း ခန်းမ၌ စာအုပ်စာစောင်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ကျင်းပသည်။ **(အောက်ပုံ)**

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာ ကြီး ဦးမောင်မောင်ကြည်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူ ဖြူက ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထွန်းကားရေး၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင် နှင်းကြည်က လူငယ်နှင့်အားမာန် ခေါင်း စဉ်တို့ဖြင့် ဟောပြောကြကြောင်း သိရ သည်။

(ခရိုင် ပြန်/ဆက်)

သတ္တမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ပြိုင်ပွဲ ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၉

သတ္တမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲကို မန္တလေးမြို့ ကန်တော်ကြီး လူထု အပန်းဖြေဥယျာဉ်၌ ဖေဖော်ဝါရီ ၁၂ရက်မှ စတင်၍ ကျင်းပမည်ဖြစ်သည်။

အတွဲလိုက်ပြိုင်

ပြိုင်ပွဲတွင် ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ အရွက်အလှပင် ပြိုင်ပွဲ၊ ရွက်လှပင်ပြိုင်ပွဲ၊ပြည်တွင်းသစ်ခွ ပြိုင်ပွဲ၊ ပြည်ပသစ်ခွပြိုင်ပွဲ (ကတ်တလီးယား)၊ ပြည်ပသစ်ခွပြိုင်ပွဲ(စင်ဘီးဒီးယမ်း)၊ ပြည်ပသစ်ခွပြိုင်ပွဲ(ဗန်ဒါ)၊ နှင်းဆီပင် အမျိုးမျိုးပြိုင်ပွဲ၊ ရှားစောင်းပင်ပြိုင်ပွဲ၊ သက်ကြီးပုပင်ပြိုင်ပွဲ(ဘွန်ဆိုင်း)၊ အသီးပါသည့်အလှအပင်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ(ဥပမာ-မုန်ညင်းရွက်)၊ ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ(ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)၊ ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ(ဥပမာ-မုန်လာဥ)၊ ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ(ဥပမာ-ခရမ်း၊ ငရုတ်)၊ သစ်သီးပြိုင်ပွဲ(ဥပမာ-သင်္ဘောသီး၊ ဖရဲသီး)၊ ဟင်းသီး အသီးအလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)၊ သစ်သီးဝလံ အခိုင်လိုက် ပြိုင်ပွဲ(ဥပမာ- ငှက်ပျောခိုင်၊ အုန်းသီးခိုင်)၊ သစ်သီးဝလံ ဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)နှင့် ဟင်းသီး အသီးအနှံ အတွဲလိုက်ပြိုင်ပွဲ(ဥပမာ-ခရမ်းချဉ်သီး)များ ပါဝင်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်များကို ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်ကွပ်ကဲမှုရုံးသို့ ဖေဖော်ဝါရီ၁၀ရက် ညနေ၄နာရီအရောက် ပေးပို့ယှဉ်ပြိုင်နိုင်ပြီး အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်၊ ကစားကွင်းများဌာနနှင့် ကန်တော်ကြီး လူထု အပန်းဖြေဥယျာဉ်ကွပ်ကဲမှုရုံး ဖုန်း-၀၂-၅၉၁၇၀တို့တွင် ဆက်သွယ်စုံစမ်းနိုင်သည်။ ဆုများကို ထိုက်တန်စွာ ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ **(မန္တလေးကိုယ်ပွား)**

ကန်တော်ကြီး မျှော်စင်ကျွန်းတွင် အထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

547 Trading နှင့် Ruby Mart တို့မှ ဦးဆောင်ကျင်းပမည့် ပထမအကြိမ် အထူး ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲ ၂၀၀၉ကို ဖေဖော်ဝါရီ ၁၂ရက်မှ၁၄ရက် အထိ ကန်တော်ကြီး မျှော်စင်ကျွန်း၌ ကျင်းပမည်ဖြစ်သည်။

ရောင်းချမည်

အထူးဈေးရောင်းပွဲတော်တွင် 547 Trading မှ ပလတ်စတစ်ထိုင်ခုံအမျိုးမျိုး နှင့် ပလတ်စတစ် စားပွဲခုံအမျိုးမျိုး၊ မီးဖို ချောင်သုံးနှင့် ရုံးသုံးပလတ်စတစ်အမျိုးမျိုး၊ ပလတ်စတစ်စင်အမျိုးမျိုးနှင့် ပလတ်စတစ် ရက်ထည်အိတ်များဖြစ်သည့် ပီနံအိတ် အမျိုးမျိုးကို ရောင်းချပေးမည့် အပြင် ဆပ်ပြာခဲအမျိုးမျိုးနှင့် သကြားများကိုလည်း လိုအပ်သလောက် ရောင်းချပေးသွားမည် ဖြစ်သည်။

ပလတ်စတစ် စားပွဲခုံနှင့် ကုလားထိုင် များကို ရုံးများ၊ ကုမ္ပဏီများ၊ အဖွဲ့ အစည်းများ၊ ကျောင်းများသို့ အထူးဈေး နှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး Myanmar Tokiwa Co.,Ltd.မှ ထုတ်လုပ်သော ခဲတံနှင့် အလှပြင်ပစ္စည်းများ၊ MAMEE အမှတ်တံဆိပ် အသင့်စား ခေါက်ဆွဲခြောက်ထုပ်နှင့် ကြာဆံခြောက် ထုပ် အမျိုးမျိုး၊ DAEWOO အမှတ်တံဆိပ် အဝတ်အထည်များ၊ Segye အမှတ်တံဆိပ် အဝတ်အထည်များ၊ AMBUR ELECTRONICS MART မှ လျှပ်စစ်အသုံး အဆောင်ပစ္စည်းများ၊ မြန်မာပေါ်စကို စတီး(လ်)အမှတ်တံဆိပ်ကြယ်စိမ်း အိမ်မိုး သွပ်ပြားများ၊ မြန်မာဘရူဝါရီလီမိတက်မှ ထုတ်ကုန်ပစ္စည်းများ၊ BERGER အိမ် သုတ်ဆေးမျိုးစုံ၊ OK Myanmar Co., Ltd. မှ တီဗွီ၊ ရေခဲသေတ္တာနှင့် လျှပ်စစ် ပစ္စည်း အမျိုးအစားပေါင်းများစွာ၊ TRUE အမှတ်တံဆိပ် အမျိုးသား၊ အမျိုးသမီး ဒီဇိုင်းဆန်းဆန်းအင်္ကျီများ၊ ငွေပင်လယ်မှ ပင်လယ်စာ အစားအစာများ၊ Mercury Rays မှ ရောင်စုံပိုက်များ၊ First Automotive Company မှ ထုတ်လုပ်သော ပြည်တွင်းထုတ် ISUZU ဘတ်(စ်)နှင့် Light Truck ကားများ၊Central Hotel မှ ပြည်သူများအတွက် စိတ်ချမ်းသာမှု အပြည့်အဝပေးမည့် ဝန်ဆောင်မှုများအပြင် Ruby Mart မှလည်း စားသောက်ကုန် နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ် ပစ္စည်းမျိုးစုံနှင့် အိမ်သုံးပစ္စည်းမျိုးစုံများကို အထူးအစီအစဉ်အဖြစ် ၂၀ရာခိုင်နှုန်းမှ ၇၀ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းချ ပေးသွားမည်ဖြစ်သည်။

အထူးယာဉ်များ

ဖေဖော်ဝါရီ ၁၁ရက်ကို Trade Day အဖြစ် သတ်မှတ်၍ လက်ကားကုန်သည်ကြီး များကို ကြည့်ရှုလေ့လာ ဝယ်ယူခွင့် ပေး မည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ည၉နာရီ အထိ အများပြည်သူများအတွက် လွတ်လပ် စွာ ရောင်းချပေးမည်ဖြစ်သည်။ ဈေးပွဲ တော်လာ ပြည်သူများ သွားလာရေး လွယ်ကူ စေရန် အတွက် ပါရမီ Taxi များ၊ ပါရမီ နှင့် အဓိပတိယာဉ်လိုင်းများကလည်း သက် သာသော နှုန်းထားများဖြင့် အထူး ပြေးဆွဲ ပေးမည်ဖြစ်သည်။ ကုန်ပစ္စည်း ဝယ်ယူ သူများ အဆင်ပြေ သယ်ယူနိုင်ရေး အတွက် ကိုလည်း Dyna ယာဉ်နှင့် Canter ယာဉ် များကလည်း အထူး သယ်ယူပို့ဆောင်ပေး သွားမည်ဖြစ်သည်။

ဖျော်ဖြေရေး

ဈေးပွဲတော် ကျင်းပစဉ်ကာလအတွင်း Ghost Rider Music Band နှင့် နာမည် ကြီး အဆိုတော်များ၊ John Lwin ဦးစီး သော Stars & Models Int'l မှ ရုပ်ရှင် သရုပ်ဆောင်များနှင့် နာမည်ကြီး Models များ၊ ဆံပင်နှင့် မိတ်ကပ် ပညာရှင်များ၏ လက်စွမ်းပြ အလှဖန်တီးမှုများ၊ Dream Boat Games & Entertainment မှ ပျော်ရွှင်ဖွယ်ရာ ကစားစရာ အစီအစဉ်များ နှင့် ပဥ္စလက်ကျော်ခိုင်၏ မျက်လှည့်နှင့် လက်လှည့် ပညာများကို နံနက်ပိုင်း တစ်ချိန်၊ ညနေပိုင်း တစ်ချိန်အဖြစ် ဖျော်ဖြေတင်ဆက် ပေးမည်ဖြစ်သည်။ အထူးအစီအစဉ် တစ်ခု အနေဖြင့် ကံစမ်းမဲလက်မှတ် တစ်စောင် လျှင် ကျပ်၅၀၀ နှုန်းဖြင့် ဝယ်ယူကံစမ်းနိုင် ပြီး ဆုမဲများအဖြစ် ပထမဆု ISUZU Light Truck တစ်စီးနှင့် တီဗွီ၊ရေခဲသေတ္တာ အပါအဝင် အခြားဆုမဲပေါင်းများစွာကို ကျပ်သိန်း ၅၀၀ဖိုးအထိ ဆုချီးမြှင့်ပေးသွား မည်ဖြစ်ကာ ကံစမ်းမဲကို ဖေဖော်ဝါရီ ၁၄ရက်တွင် ဖွင့်လှစ်မဲဖောက်မည် ဖြစ် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရွှေအိုး စာကြည့်တိုက် ကမာရွတ်မြို့နယ်၌ အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၉

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ရန်ကုန်အနောက် ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ် (၁၀) ရပ်ကွက် ပညာရွှေအိုး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက်က အဆိုပါ အဆောက် အအုံသစ်၌ ကျင်းပရာ ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးခိုင်ထွန်းဆွေ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ပေးအပ်လှူဒါန်း

အဆိုပါစာကြည့်တိုက်သို့ ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်မျိုးစုံ ၃၈၂ အုပ်ကို ပေးအပ်လှူဒါန်း ရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ ကျပ် နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အသိပညာပေး ဟောပြောပွဲကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၉

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၃၀ရက် နံနက် ၉နာရီက တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဖေဘာဏ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များ ကျောင်းအုပ်ကြီး ဦးတင်ရှိန်၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၉၀၀ ကျော် တက်ရောက်ကြသည်။

ဟောပြောဆွေးနွေး

ရှေးဦးစွာတနင်္သာရီမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် နောင်စိုးရီက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒေါက်တာဖေဘာဏ်**(အပေါ်ပုံ)**က အမျိုးသားရေးအသိဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးကို ဟောပြောသည်။ ထို့နောက် မြိတ်မြို့နယ် စာပေစာနယ်ဇင်းအဖွဲ့ဝင် တက္ကသိုလ် ကိုလတ်နှင့် ဝင်းမြအောင် (မြိတ်)တို့က စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာများကို ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ ဒေါက်တာဖေဘာဏ်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးတင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တကူကျေးရွာနှင့် သာရဘွင်ကျေးရွာများသို့ သွားရောက်၍ ရှေးဟောင်းယဉ်ကျေးမှုများကို လေ့လာမှတ်တမ်းတင်ကြကြောင်း သတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)

သားဖွားမီးယပ်ပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း) 8th OG Conference ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

သားဖွားမီးယပ်ပညာအဖွဲ့ (မြန်မာနိုင်ငံ ဆရာဝန်အသင်း)က ဆေးပညာ တိုးတက်ပြန့်ပွားစေရန်အတွက် သားဖွားမီးယပ် အထူးကုဆရာဝန်များ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ရက်နှင့် ၁၉ရက်တို့တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများနှင့် သားဖွားမီးယပ် အထူးကုဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ *ကျောဖုံးမှ*

ကျောက်စိမ်းအစစ်များဖြင့် ပြုလုပ်ထားသည့် ကျောက်စိမ်းပန်းချီကားကြီးမှာ ကမ္ဘာ့နိုင်ငံအသီးသီး၌ မည်သည့်နိုင်ငံတွင်မျှ ရှိနိုင်မည်မထင်ပါချေ။ ထို့အတူ ကျောက်စိမ်းပန်းချီကားကြီး၏ အလယ်တွင် မြန်မာ့ဂုဏ်ဆောင်မိုးကုတ်ပတ္တမြားကြီးကလည်း နီရဲရွှန်းစိုကာ အရောင်များဖိတ်ကျမတတ်ဖြစ်နေရာ ကြည့်သူရင်ထဲ လက်နှင့် ကိုင်တွယ်ချင်စိတ်ဖြစ်အောင် ဆွဲဆောင်လွန်းလှသည်။

တိုးတိုးနှင့်မိုးမိုးဟု အမည်များပေးထားသည့် ဆင်ဖြူနှစ်ကောင်ကို အနီးကပ်ကြည့်ရှုလိုက်ရာ ပုလဲအစစ်များဖြင့် ပြုလုပ်ထားသော မျက်လုံးများက ဖွင့်လိုက်ပိတ်လိုက်ဖြစ်နေသဖြင့် အံ့သြသွားသည်။

တစ်ဖန် ဆင်ဖြူနှစ်ကောင်စလုံး နားရွက်များကလည်း လှုပ်ခတ်နေသလို အမြီးများကလည်း လှုပ်ယမ်းနေသည်။ ထူးဆန်းလွန်းသည့်ဖြစ်ရပ်။ ဆင်ဖြူရုပ်တုများကို မြင်တွေ့ခဲ့ရပေါင်း များခဲ့ပြီ။ ယခုကဲ့သို့ အသက်ဝင်လှုပ်ရှားနေသော ဆင်ဖြူရုပ်များကို တစ်ကြိမ်မျှမတွေ့ခဲ့ရ။



ကျောက်စိမ်းအရိုင်းတုံးကြီးကလည်း အရည်အသွေးကောင်းမွန်လှသည်။ (မြန်မာ့အလင်း)

ထင်ဟပ်ဖော်ညွှန်း

အဝင်တံခါးကို ကျော်ဖြတ်လိုက်သည်နှင့် ဆင်ရတနာရေပန်းဝိုင်းကို ထင်းခနဲမြင်တွေ့လိုက်ရသည်။ ဝေဟင်ကို လွင့်ထွက်နေသည့် ရေပန်းများက ရင်အေးစရာကောင်းလှသလို မြန်မာ့ကျောက်မျက်ရတနာပြတိုက်ဝင်း အဝင်ဘယ်ညာ နှစ်ဖက်တွင်လည်း ရေပန်းကိုယ်စီ ဖန်တီးထားသည်ဖြစ်ရာ စိတ်ချမ်းမြေ့စရာ ကောင်းလှသည်။

ထို့အပြင် ကျောက်စိမ်းတုံးကြီးအတွင်း ထွင်းထားသည့် ကမ္ဘည်းစာကလည်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်၏ ဂုဏ်ဒြပ်ကို ထပ်ဆင့်ထင်ဟပ်ဖော်ညွှန်းပြသနေပြန်သည်။ ကျောက်စိမ်းတုံးအစစ်ပေါ်တွင် ကမ္ဘည်းစာရေးထိုးထားမှုမှာ အရည်အသွေးမီ မြန်မာ့ကျောက်စိမ်းများ ပေါများစွာထွက်ရှိနေမှုကို တစ်စိတ်တစ်ဒေသ ဖွင့်လှစ်ပြသထားသလိုပင်။

ပုလဲအစစ်

ထူးခြားသည်ကား ဆင်ရတနာရေပန်းဝိုင်းအတွင်း ဆင်ဖြူနှစ်ကောင်က ကျောက်စိမ်းအစစ်ဖြင့် ပြုလုပ်ထားသော မြန်မာ့ကျောက်မျက်များ ထွက်ရှိရာပြ မြန်မာနိုင်ငံမြေပုံကို နှာမောင်းကိုယ်စီဖြင့် မပြထားသည့် မြင်ကွင်းပင်ဖြစ်သည်။

အံ့သြလွန်းသဖြင့် အနီးရှိတာဝန်ရှိသူတစ်ဦးကို မေးမြန်းကြည့်ရာ အဖြေမပေးဘဲ "သူတို့နာမည်ကို ခေါ်ကြည့်ပါဦး" ဟု ပြောသဖြင့် "မိုးမိုး…ရေ" ဟု ခေါ်လိုက်ရာ "ဝူး" ဟု ပြန်ထူးသဖြင့် ရုတ်တရက် မှင်သက်ပင် မိသွားသည်။ ဘယ်လိုပါလိမ့်ဟု စဉ်းစားနေချိန်မှာပင် "ပြတိုက်အတွင်း ဝင်ကြည့်ပါဦး" ဟု တာဝန်ရှိသူတစ်ဦးက ခေါ်သဖြင့် လိုက်ပါခဲ့ရသည်။

အကျယ်အဝန်း

အကျယ်အဝန်း ၁၂ ဒသမ ၅၈ ဧကပေါ်၌ တည်ဆောက်ထားသော မြန်မာ့ကျောက်မျက်ရတနာပြတိုက် ပင်မအဆောက်အအုံအကျယ်အဝန်းမှာ အလျားပေ ၂၅၀နှင့် အနံပေ ၁၇၀ရှိပြီး မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်များ ပါရှိကြောင်းတွေ့ရသည်။ အဆောက်အအုံတစ်ခုလုံးကို သံမဏိချောင်းများ၊ မှန်များဖြင့် အပြင်မှ အပြည့်ကပ်ပြီး ထုထည်ခိုင်ခံ့စွာ တည်ဆောက်ထားမှုကို မြင်တွေ့ရသည်။ ၂၀၀၈ခုနှစ် မတ်လ ၆ရက်၌ မြေသန့်ပန္နက်တင် အခမ်းအနား ပြုလုပ်ခဲ့ပြီး အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ၂၀၀၈ ခုနှစ် ဇူလိုင် ၂၄ရက်တွင် စတင်ခဲ့ကာ STEEL Column စတင် တည်ထောင်ရက်မှာ ၂၀၀၈ခုနှစ် ဩဂုတ် ၁၅ရက်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာပြတိုက် တည်ဆောက်ပြီးစီးမှုကို ယခု ဖေဖော်ဝါရီ ၁၁ရက်၌ အပြီးသတ်မှတ်ထားသည်။

မြေညီထပ်

မြေညီထပ်အတွင်း ရုံးခန်းရှစ်ခန်းနှင့် အခြားအခန်းများအပြင် ကိုးပေကျယ်သောကားငယ် ၄၂စီး ရပ်နားထားနိုင်သည့် နေရာပါရှိသည်။ ရုံးဝန်ထမ်းများကလည်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေသလို စနစ်တကျနှင့် သပ်သပ်ရပ်ရပ်ရှိနေသည်။

မြန်မာ့ကျောက်မျက်ရတနာပြတိုက်၏ ပထမထပ်ဝင်လိုက်သည်နှင့် နဝရတ်ကိုးပါး အစစ်များဖြင့် ပြုလုပ်ထားသော နံရံများကို မြင်တွေ့ရသည်။ မြန်မာ့ကျောက်မျက်အစစ်များဖြင့် တည်ဆောက်ထားမှုက နိုင်ငံအတွင်း ကျောက်မျက်ရတနာများ ပေါကြွယ်ဝစွာထွက်ရှိမှုကို မီးမောင်းထိုးပြနေသလိုပင် ဖြစ်သည်။

ရေတံခွန်

အပေါ်ထပ် တက်မည့် လှေကားအောက်၌ ရေတံခွန်များ ပြုလုပ်ထားသည်ဖြစ်ရာ တဝေါဝေါစီးကျနေသော ရေတံခွန်များကို သဘာဝအတိုင်း မြင်တွေ့ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံမှ ထွက်ရှိနေသော ကျောက်မျက်များ၏ နေရာဒေသကို ဖော်ကျူးပြသထားသည်မှာ မြန်မာနိုင်ငံ၏ အလျှံပယ် ပေါကြွယ်ဝသော ကျောက်မျက်များထွက်ရှိမှု အငွေ့အသက်ကို ရိုက်ခတ်ခံစားရမည်ဖြစ်သည်။

ပထမထပ်အကျယ်အဝန်းမှာ အလျားပေ ၂၅၀ နှင့် အနံ ပေ ၁၇၀ ရှိသည်ဖြစ်ရာ ကျယ်ဝန်းလေသည်။ ဤပထမထပ်၌ ကျောက်မျက်ရတနာဆိုင်ခန်းပေါင်း ၁၆၀ ကျော် ပါဝင်ပြသ ရောင်းချမည်ဖြစ်သလို ဆိုင်ခန်းအားလုံး ဖွင့်လှစ်ရောင်းချကြမည်ဖြစ်သည်။ ပထမထပ် အဝင်ဝ ဘေးတစ်ဖက်တစ်ချက်၌ အင်ကြင်းကျောက်ပြကွက်ကို တွေ့ရသည်။ နှစ်ပေါင်းများစွာ ဖြစ်တည်နေသော တွေ့ရခဲသည့် သက်တမ်းရင့် အင်ကြင်းကျောက်များ….။

ပထမထပ်

ပထမထပ်ပြခန်းအတွင်း လှမ်းဝင်လိုက်သည်နှင့် ကျယ်ဝန်းသပ်ရပ် ကျောက်မျက်ရတနာပြခန်းများကို မျက်စိတစ်ဆုံး မြင်တွေ့လိုက်ရသည်။ အလျားပေ၂၅၀နှင့် အနံပေ၁၇၀ ရှိပြီး ကြွေပြားများ အပြည့်ခင်းထားသည်မှာ နင်းရက်စရာမရှိအောင် ပြောင်လက် သန့်ရှင်းနေသည်။ နံရံမျက်နှာကြက်များ၌ လျှပ်စစ်မီးများ တပ်ဆင်ထားသည်မှာ အလင်းရောင်တန်းများက ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာများကို တဖျပ်ဖျပ် အရောင်ထွက်စေလျက်ရှိသည်။ ပေ ၂၀ ပတ်လည် အကျယ်အဝန်းရှိသော ကျောက်မျက်ရတနာ ဆိုင်ခန်းပေါင်း ၆၀ကျော်ကို မြင်တွေ့ရသည်။ အဖိုးတန် အရည်အသွေး မြင့်သော မြန်မာ့ကျောက်မျက်ရတနာများကား ပြခန်းကြီးတစ်ခုလုံး ဖိတ်ဖိတ်တောက်လျက်ရှိနေသည်။

ထိုမှတစ်ဆင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ဒုတိယထပ်သို့တက်ရောက်လာခဲ့သည်။ ခုနစ်ပေကျယ်သော စတီးလ်လှေကား၊ ကျွန်းပွတ်လုံး လက်ရန်းနှင့် Steel Frame မှန်ကာများ တပ်ဆင်ထားသည်မှာ လက်ရာမြောက်ပြီး ထူးခြားသော ဒီဇိုင်းအသွင်အပြင်ဖြင့် ဆန်းသစ်လှသည်။

စီခြယ်ထား

ပြခန်းအဝင်နံရံ၌ ကျောက်စိမ်းပြားအစစ်များဖြင့် စီခြယ်ထားသော ကျောက်စိမ်းနံရံကြီးကို မြင်တွေ့ရသည်။ အဝင်တံခါးမှန်း ရုတ်တရက်မသိရသည့် ပကတိကျောက်စိမ်းနံရံကြီးကို မြင်ရသည့်နှယ်။ ပြခန်းအတွင်း လှမ်းဝင်လိုက်သည်နှင့် ပထမဆုံး မြင်တွေ့လိုက်သည့်မြင်ကွင်းမှာ ဝင်းဝါပြီး လျှပ်စစ်မီးဆိုင်းအရောင်ကြောင့် တောက်ပြောင်ရွှန်းလဲ့နေသော ကြေးသွန်းနတ်သမီးရုပ်တု သုံးခု၊ နတ်သမီးရုပ်တုသုံးခုက မြန်မာနိုင်ငံတွင် အကြီးမားဆုံး သဘာဝပုလဲကြီးကို ကလပ်ပေါ်တင်ကာ ဝိုင်းမထားသည့်ပုံဖြစ်သည်။ ဖြည်းဖြည်းချင်း အလိုအလျောက်လည်ပတ်နေသော နတ်သမီးရုပ်တုများနှင့် မြန်မာ့ပုလဲကြီးကို ကြည့်ရင်း မြန်မာ့ကျောက်မျက်ရတနာများအတွက် ဂုဏ်ယူစိတ် တဖွားဖွားပေါ်ပေါက်စေအောင် စိတ်ဆန္ဒရင်မှာ ဖြစ်ပေါ်ရသည်။

ဒုတိယထပ်

ဒုတိယထပ် ပြခန်းအကျယ်ကား အလျားပေ ၂၅၀နှင့် အနံပေ၁၇၀ ရှိရာ တစ်မျှော်တစ်ခေါ် ကျယ်ဝန်းလေသည်။ မှန်အကြည်များ ကာရံထားသော မြန်မာ့ကျောက်မျက်အရိုင်းတုံးများ၊ လက်ဝတ်ရတနာများကို မြန်မာနိုင်ငံအတွင်း ကျောက်မျက်ထွက်ရှိရာဒေသ အနေအထားအတိုင်း ခင်းကျင်း ပြသထားသည်မှာ ကျောက်မျက်ရတနာ အစုအပုံအလယ် ရောက်ရှိနေသလို ဒါဟာ ဒို့မြန်မာ့ကျောက်မျက်ရတနာစစ်စစ်တွေဟု ဟစ်ကြွေးလိုသည့် ဂုဏ်ယူစိတ်များ တဖွားဖွားဖြစ်ပေါ်ခံစားရသည်။

တစ်ဖန် ကျောက်စိမ်းများဖြင့် ပြုလုပ်ထားသော ဆက်တီတစ်စုံကလည်း မထိုင်ရက်စရာ။ စိမ်းမြနေသော ကျောက်စိမ်းကုလားထိုင်၊ ကျောက်စိမ်း စားပွဲများကလည်း မြန်မာနိုင်ငံ၌ ကျောက်စိမ်းများ ဤသို့ ပေါများစွာ ထွက်ရှိနေသည်ဟု ကြည့်သူကို ညွှန်းဆိုပြသနေပြန်သည်။

မြန်မာ့ပုလဲကြီးကို ကလပ်ဖြင့် မပြထားသည့် ကြေးသွန်းနတ်သမီးရုပ်တုများကလည်း စိတ်အာရုံကို ဖမ်းစားနိုင်သည်။ (မြန်မာ့အလင်း)

ပို၍ ထူးခြားသည်ကား ပြတိုက်လာအထူးဧည့်သည်တော်များ မှတ်တမ်းတင်အမှတ်တရ လက်မှတ်ရေးထိုးမည့် ကျောက်စိမ်း စားပွဲ၊ ကျောက်စိမ်းကုလားထိုင်နှင့် ကျောက်စိမ်းပြားများ အပြည့်ဖုံးအုပ်ထားသည့် မှတ်တမ်းတင် လက်မှတ်ရေးထိုးမည့် ကျောက်စိမ်းစာအုပ်နှင့် ကျောက်စိမ်း ဘောပင်တို့ပင် ဖြစ်သည်။ ဧည့်သည်တော်များအနေဖြင့် ကျောက်စိမ်းကုလားထိုင်ပေါ် ထိုင်ကာ ကျောက်စိမ်းစားပွဲပေါ်တွင်ရှိသော ကျောက်စိမ်းဖုံးအုပ်ထားသော စာအုပ်အတွင်း ကျောက်စိမ်း ဘောပင်ဖြင့် လက်မှတ်ရေးထိုးရချိန် စိတ်ခံစားမှုမှာ ရင်ထဲ၌ မည်သို့ရိုက်ခတ်နေမည်ကို တွေးနေမိသည်။

အဖိုးတန်ရတနာ

တစ်ဖန် နီလာစွဲကပ်နေသော ကျောက်မျက်တုံး၊ မြမိုးရင်းဝင် ကျောက်မျက်တုံး၊ မိုးကုတ် ပုလဲစိမ်းအရိုင်းတုံး၊ သလင်းကျောက်မျက်အရိုင်းတုံး၊ မျောကျောက်မျက်အရိုင်းတုံး၊ သလင်းနှင့် မိုက်ကာစွဲကပ်နေသော ကျောက်မျက်တုံးနှင့် ကြွေကျောက်မျက်အရိုင်းတုံးများကား မျက်စိတစ်ဆုံး မြင်တွေ့ရသည်။ ကျောက်မျက်အရိုင်းတုံး၊ အချောတုံးနှင့်လက်ဝတ်ရတနာများကား လာရောက်ကြည့်ရှုသူများကို မျက်စိအမြင်မှ လွဲဖယ်၍မရအောင် ဆွဲဆောင်နေမည်မှာ အမှန်ပင်။ ဤကျောက်မျက်ရတနာများကို ကြည့်ရင်း ကမ္ဘာပေါ်၌ မြန်မာနိုင်ငံထက် အရည်အသွေးမြင့်ပြီး အဖိုးတန်သော ကျောက်မျက်ရတနာများ မထွက်နိုင်ဟု ဂုဏ်ယူဝင့်ကြွားစိတ် ဖြစ်ပေါ်ရသည်။

ဒုတိယထပ် ဘေးပတ်လည်တွင် အလူမီနီယံနှင့် နီလာပြာရောင် မှန်တံခါးများ တပ်ဆင်ထားရာ မှန်အထူ ခြောက်မီလီမီတာရှိသော်လည်း နေပြည်တော်အလှကို အမြင့်မြင်ကွင်းမှ မြင်ကွင်းကျယ်လေ့လာကြည့်ရှုခံစားနိုင်လေသည်။ တည်ဆောက်ပုံစနစ်ကျပြီး ပြသထားမှုများကလည်း ရင်သပ်ရှုမောစရာဖြစ်ရာ နေပြည်တော်လာ ပြည်သူများနှင့် ဧည့်သည်များအတွက် လာရောက်ကြည့်ရှုစရာ နေရာပင် ဖြစ်သည်။

ဂုဏ်ယူစရာ

မြန်မာ့ ကျောက်မျက်ရတနာပြတိုက်ကြီးကား မြန်မာနိုင်ငံတွင် အကြီးဆုံးပြတိုက်ကြီးဖြစ်သကဲ့သို့ စိတ်ဝင်စားစရာ၊ တိမ်းမူးဖွယ်ရာ၊ ဂုဏ်ယူစရာများဖြင့် မကြာမီ ဖွင့်လှစ်တော့မည့် ဤပြတိုက်သည် နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုဂုဏ်ဒြပ်ကို ထင်ဟပ်စေသည့် ပြတိုက်အဆောက်အအုံကြီး ဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက် တင်ဆက်လိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

Kanebo ၏ Rainbow in the Rain အထူးအစီအစဉ် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

Kanebo ၏ Rainbow (K) Men ber card များကို ဖေဖော်ဝါရီ ၁ရက်မှ၁၅ရက်အထိ မွန်းတည့် ၁၂ နာရီမှ ည ၇နာရီ အတွင်း ရန်ကုန်မြို့ ဂမုန်းပွင့် (ကမ္ဘာအေး)၊ စိန်ဂေဟာ (ပြည်လမ်း)၊MK(DagonCenter) တို့၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၆ရက်မှ၂၈ရက်အထိ မွန်းတည့် ၁၂ နာရီမှ ည ၇ နာရီအတွင်း Trader Hotel၊ Blazon၊ Yuzana Plaza တို့၌လည်းကောင်း အစီအစဉ်အတိုင်းလက်ခံ သိမ်းဆည်းပြီး ဆုလက်ဆောင်များကို Target Point အလိုက် ထုတ်ပေးမည်ဖြစ်ကြောင်းသတင်း ရရှိသည်။ (သတင်းစဉ်)

2 S Paris ၏ "ဖေဖော်ဝါရီ ၁၄" အထူးအစီအစဉ်
(၁၁-၂-၂၀၀၉ မှ ၁၈-၂-၂၀၀၉ အထိ)
လူကြီးမင်းတို့ ချစ်ရသူအတွဲလေးတစ်တွဲ ဝင်လာတိုင်း
2 S Paris မှ လူကြီးမင်း၏ တောင်မလေး ဝယ်သော ပစ္စည်းကို
ဖေဖော်ဝါရီ ၁၄ အစီအစဉ်အဖြစ် Free ပေးမည်ဖြစ်သည်။
(၁) အမှတ် ၂၁၆၊ ၃၁-၃၂ လမ်းကြား အနောက်ရထားလမ်း Show room (I)
(၂) ၁၅၁/၁၅၃ ဗညားဒလလမ်း တာမွေ Show room (II)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၇ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် အကောင်းဆုံး အမျိုးသားဇာတ်ပို့ထူးချွန်ဆုကို ချီးမြှင့်ခံရသော အကယ်ဒမီ ဦးမိုးဒီအား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

မုံရွာဆရာမိုး
(မုံရွာဆရာမိုး ရောက်တစ်လုံးဝမ်းမှန်ဆေး)
သား-ဗိုလ်ကြီးကျော်ကိုကိုရှိန်း-မမိုးပြည့်ပြည့်ဖြိုး
မြေး-မောင်ကျော်ကိုကိုဆက်နိုင်
မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု။

ထိမ်းမြားမင်္ဂလာပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
(ဦးသန်းရွှေ၊ လက်ထောက်ညွှန်ကြားရေးမှူး၊စစစ)-ဒေါ်ခင်နု
(ဌာနစုမှူး၊ ငြိမ်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) တို့၏တူသား၊
စစ်တွေမြို့၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ ပဉ္စင်းကြီးလမ်းနေ
ဦးလှကျော်စိန်-ဒေါ်စောဖြူတို့၏သားလတ်

ဗိုလ်ကြီးကျော်လင်းခိုင်

M.B.,B.S (D.S.M.A) Second Year M. Med. Sc. (Internal Medicine)

နှင့်

စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်၊ လမ်းမကြီး၊ အမှတ်၄၃၃နေ
ဦးရွှေစောအောင် (တရားရုံးချုပ်ရှေ့နေ)-
ဒေါ်ခင်မြဝေ (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊စစ်တွေ)တို့၏ သမီးငယ်၊
ကိုဇော်မျိုးအောင်[တူတူ] (Director, Aung Daing International Ltd.)-
မအေးခိုင်ဇံ [ပါးပူ] (Kiss Music Studio)တို့၏ ညီမငယ်

မမြပန်းခိုင် (ခ) ပုံ့ပုံ့

B.A (English)

တို့၏၁-၂-၂၀၀၉ရက်(တနင်္ဂနွေနေ့)အမှတ်၄၃၃၊ လမ်းမကြီး၊လမ်းမတော်တောင်ရပ်ကွက်၊ စစ်တွေမြို့ နေအိမ်၌ ကျင်းပသော ထိမ်းမြားမင်္ဂလာပွဲတွင် စုလျားရစ်ပတ်ထိမ်းမြားပေးသော ဒေါ်ဦးကျော့သာ (မေခလာသစ်စက်ပိုင်ရှင်)နှင့် ဒေါ်ကြည်ကြည်သိန်း (M.D Kiss Enterprises) တို့အားလည်းကောင်း၊ ထိမ်းမြားမင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် စစ်ဘက်၊နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃၀-၁-၂၀၀၉ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရခိုင်ပြည်နယ်တရားသူကြီး ဦးတင်အောင်အားလည်းကောင်း၊ စေ့စပ်ကြောင်းလမ်းခြင်းမင်္ဂလာ အခမ်းအနားတွင် မင်္ဂလာစကားပြောကြားခြင်းနှင့် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် အသိသက်သေအဖြစ်လက်မှတ်ရေးထိုးပေးကြသော ပြည်နယ်တရားသူကြီး (ငြိမ်း) နိုင်ဘီပဗ္ဗလစ်၊ တရားရုံးချုပ်ရှေ့နေကြီးဦးကျော်သာနှင့် ဒုတိယပြည်နယ်တရားသူကြီး(ငြိမ်း)တရားရုံးချုပ်ရှေ့နေကြီးဦးအောင်မြတို့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးသော ဦးကျော်မြင့်-ဒေါ်အေးမြတ်ဝေ(မိုးမခရတနာရွှေဆိုင်)၊ မင်္ဂလာဝတ်စုံများဖန်တီးပေးသည့်မမိဖြူ(မိဖြူ အပ်ချုပ်ဆိုင်)၊ မိတ်ကပ်၊ ဆံပင်အလှပြင် မဥမ္မာ၊ မသီတာ(ယွန်းရွှေစင်)၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင် ရဲလွင်(စိတ်ကူးပုံရိပ်)၊ ကိုထွန်းလင်းအောင် (Morning Vedio Editing) တို့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကျော်လင်းခိုင်-မမြပန်းခိုင်။

ဇီးချိုပင်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ချောက် ဖေဖော်ဝါရီ ၉

ချောက်မြို့ ဇီးချိုပင်ဂေါက်ကွင်းတွင် ဖေဖော်ဝါရီ ၇ ရက်က ဦးသိန်းနိုင်သည် ဦးကြည်စိန်(တိုင်းအုပ်ချုပ်ရေးမှူး၊ငြိမ်း)၊ ဦးကျော်ကျော် (ဆင်ဖြူကျွန်းရွှေဆိုင်)၊ ဦးကျော်မိုးမြင့် (ထီကိုယ်စားလှယ်) တို့နှင့် အတူ ဂေါက်သီးရိုက်ကစားစဉ်ကျင်းအမှတ် (၁၆) ၌ ၁၆၂ ကိုက်အကွာမှ Pre-cept-3 ဘောလုံးကို Taylormade သံတုတ် 5 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ (အား/ကာ)

● *ကျော်ဖုံးမှ*

မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပလျက်ရှိသော မုဒုံမြို့ကို တွေ့ရစဉ်။

ဒေသဆိုင်ရာအချက်အလက်များအရလည်း မှန်ပါတယ်။ ၂၀၀၇-၂၀၀၈ ခုနှစ်မှာ တစ်မြို့နယ်လုံး တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၇၄၁ဦးအနက် ၁၀၂၆ဦး အောင်မြင်ခဲ့ကာ ရာခိုင်နှုန်းအားဖြင့် ၅၈ ဒသမ ၉၃ရာခိုင်နှုန်းရှိတဲ့အတွက် မွန်ပြည်နယ်မှာ အောင်ချက်အကောင်းဆုံး မြို့နယ် ဖြစ်ခဲ့ပါတယ်။ ခြောက်ဘာသာ ဂုဏ်ထူးရှင်တစ်ဦးအပါအဝင် ဂုဏ်ထူးရှင်တွေလဲအများအပြားပါဝင်ကြပါတယ်။

ဆက်တိုက်ဆွတ်ခူး

၂၀၀၆-၂၀၀၇ခုနှစ်နဲ့ အခု ၂၀၀၈ ခုနှစ်အထိဆိုရင် မွန်ပြည်နယ်မှာ အောင်ချက် အကောင်းဆုံး ပထမဆုကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးနိုင်ခြင်းဖြစ်ပါတယ်။

တစ်စိတ်တစ်ဒေသ

ဒီအောင်မြင်မှုရဲ့ နောက်ကွယ်က လျှို့ဝှက်ချက်တွေအနက် မုဒုံမြို့နယ်အတွင်းရှိ အထကကျောင်း ခုနစ်ကျောင်းမှာ ညအိပ်စာဖတ်ခန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ချက်ကလည်း တစ်စိတ်တစ်ဒေသ ပါဝင်ပါလိမ့်မယ်။

မုဒုံမြို့ဟာ လူဦးရေ ၁၈၅၆၂၄ ဦး၊ ဧရိယာစတုရန်းမိုင် ၃၁၄ ဒသမ ၇ စတုရန်း မိုင်ရှိပြီး ရန်ကုန်-မြိတ်ကားလမ်းနဲ့ ရန်ကုန်-မြဝတီကားလမ်းပေါ်မှာ တည်ရှိပါတယ်။

အဓိကထွက်ကုန်အနေနဲ့ ရော်ဘာနဲ့ စပါးဖြစ်ပါတယ်။ ရော်ဘာစိုက်ဧက ၄၂၈၅၃ ဧကနဲ့ အစေးလှီးဧက ၂၄၁၁၉ ဧကရှိပါတယ်။ ၂၀၀၈-၂၀၀၉ခုနှစ် စိုက်ပျိုးရာသီမှာ မိုးစပါးစိုက်ဧက ၈၆၆၀၂ ဧကရှိပြီး တစ်ဧကပျမ်းမျှအထွက်နှုန်း အနေနဲ့ ၇၆ ဒသမ ၈၃တင်း ရှိပါတယ်။ နွေစပါးကိုလည်း ဧက၈၆၀ စိုက်ပျိုးထားကြောင်း သိရပါတယ်။

ရှင်းလင်းပြသ

နံနက်ပိုင်းမှာ သတင်းအဖွဲ့ကို မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးက မြို့လုံးပတ်လည် လိုက်လံရှင်းလင်းပြသပါတယ်။

"ကျွန်တော်တို့မြို့ရဲ့ ထူးခြားတဲ့အချက်က မြို့သူမြို့သားတွေရဲ့ ပူးပေါင်းပါဝင်မှုပါပဲ၊ ကျွန်တော်တို့က မြို့ထိပ်ကနေ မြို့ဆုံးလမ်းဘေးဝဲယာတွေမှာ သစ်ပင်၊ ပန်းမန်တွေကို အလှဆင် စိုက်ပျိုးကြရင် သူတို့ကလဲ မနိုးဆော်ရဘဲ အိမ်တိုင်းခြံတိုင်း နီးပါးမှာအလှဆင်စိုက်ပျိုးကြတယ်။ နောက်ပြီး မြို့တွင်းလမ်းတွေ ကြံ့ခိုင်ကောင်းမွန်အောင် ကျွန်တော်တို့က ဆောင်ရွက်ရင် သူတို့ကလဲ မနိုးဆော်ရဘဲ အားတက်သရော ပူးပေါင်းပါဝင်ကြတယ်။ ဒါ့ပြင် ကိုယ့်အိမ်၊ ကိုယ့်ခြံကို သပ်ရပ်လှပအောင် အပြိုင်အဆိုင်တည်ဆောက် အလှဆင်ကြပါတယ်" လို့ ပြောကြားပါတယ်။

မြို့သူမြို့သားတွေရဲ့ လုပ်ရပ်၊ ပကတိမျက်မြင်လေ့လာမှုတို့အရလည်း ချီးမွမ်းထိုက်ပေစွဟု ဧက ဝစနံ ဆိုရပါမယ်။

သတင်းအဖွဲ့ဟာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ မြို့ရေပေးဝေရေးလုပ်ငန်းကိုလည်း သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ မြို့ရေပေးဝေရေးလုပ်ငန်းအတွက် လိုအပ်တဲ့ရေကို ဝင်းဖနံဆည်နဲ့ အဇင်းဆည်က ရယူကြပါတယ်။

ရေပေးဝေ

အဇင်းဆည်က ရေများကိုတော့ ပေ ၁၀၀၀အကွာအဝေးမှာ ရေစုကန်၊ ရေစစ်ကန်၊ ရေကြည်လှောင်ကန်အထိ အဆင့်ဆင့်စစ်ယူပြီး ၇၅ KWရှိ ရေတွန်းစက်နှစ်လုံးနဲ့ဂါလန် ၁၃၀၀၀၀ဆံ့ သံကူကွန်ကရစ်ရေစင်ပေါ်ကို တွန်းပို့ပါတယ်။ ဒီနောက်မှ ရေပိုက်လိုင်းများအသုံးပြုပြီး အလိုအလျောက် စီးဆင်းတဲ့စနစ်နဲ့ မြို့တွင်းကို ရေပေးဝေပါတယ်။

နေအိမ်များကို ရေမီတာများတပ်ဆင်ထားပေးပြီး ရပ်ကွက်အလိုက် ရေပိုက်သွယ်တန်းပေးထားပါတယ်။

စမ်းသပ်ဓာတ်ခွဲ

ကျန်းမာရေးအရ ကလိုရင်းဆေး (Japan 0.2 KW) ခတ်စက်နှစ်လုံး တပ်ဆင်ထားပြီး ရန်ကုန်မြို့ရှိ ရေပေးဝေရေးနှင့် ကျန်းမာသန့်ရှင်းရေးဌာနခွဲကို အခါမလပ် စမ်းသပ် ဓာတ်ခွဲကြပါတယ်။ ဓာတ်ခွဲ စမ်းသပ်မှုအရ PH ၆ဒသမ၉၆ရှိ ရေသန့်ဖြစ်ကြောင်း သိရပါတယ်။

အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနဲ့ ကျွန်တော်တို့အဖွဲ့တွေ မြို့လုံးပတ်လည် လှည့်လည်ခဲ့ရာမှာ မုဒုံမြို့ဟာ မွန်ဘာသာစကားအရ "မြို့အစွန်" လို့သာ ဆိုထားပေတဲ့ ရှေးဟောင်းမြို့တစ်မြို့ ဖြစ်ပေမယ့် မျက်မှောက်မှာတော့ "မြို့ရွာတိုင်း အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်" ဆိုတဲ့အတိုင်း မြို့အင်္ဂါရပ်နဲ့ အညီ သာလွန်ဖွံ့ဖြိုးတိုးတက်နေပါပြီလို့သာ ဆိုပါရစေ။ ။

ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများကို အဇင်းဆည်မှတစ်ဆင့် ဤသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန် အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်း အနိုင်ရရှိသွားပြီး Air Bagan F.C နဲ့ ပြည်ထဲရေးတို့ သရေကျသွားသည်။

သုဝဏ္ဏကွင်း

Air Bagan F.C - ဂိုးမရှိ
ပြည်ထဲရေး - ဂိုးမရှိ

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန် - တစ်ဂိုး
မြို့တော်စည်ပင် - ဂိုးမရှိ

ယနေ့ပွဲ

အောင်ဆန်းကွင်း

မြန်မာ့မီးရထား - စီးပွား/ကူးသန်း

သုဝဏ္ဏကွင်း

ပို့ဆောင်ရေး-ကာကွယ်ရေးဝန်ကြီးဌာန

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၂-၂၀၀၉ ရက် (အင်္ဂါနေ့)

AM&PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဗုဒ္ဓရဲ့ မေတ္တာဘာဝနာ** တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၇:၄၀-၁:၄၀	ဂုဏ်ယူဆင်နွဲ Yangon Golf Club ရဲ့ ရာပြည့်ပွဲ
၇:၅၀-၁:၅၀	၂၀၀၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အကယ်ဒမီရင်ခုန်သံများ
၈:၄၅-၂:၄၅	သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
၈:၅၅-၂:၅၅	ဆည်းဆာဘဝ အလှဝေစည် မေတ္တာဝတီ
၉:၁၀-၃:၁၀	တေးဂီတအစီအစဉ်
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	Sunday Talk
၁၀:၁၀-၄:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅-၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀-၄:၂၀	**Double Certificate** ဆိုသည်မှာ
၁၀:၄၀-၄:၄၀	မိုးလေဝသခန့်မှန်းချက်
၁၀:၄၅-၄:၄၅	**အဆုံးအဖြတ်** ခန့်စည်သူ၊ အေးမြတ်သူ၊ ၄က်ပျောကြော်၊ မျိုးမျိုးခိုင်၊ ကျင်ဝှက်၊ သိန်းဇံ ဒါရိုက်တာ-ဖုန်းမြင့်အောင်
၁၁:၀၀-၅:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀-၅:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅-၅:၁၅	လူငယ်သိပ္ပံပွဲတော်
၁၁:၃၅-၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀	တိုင်းရင်းသားအက
၁၁:၅၀-၅:၅၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **အချစ်မှုးတော့ရူးမိတယ်**
၁၂:၁၅-၆:၁၅	**ကျန်းမာသွယ်လျတဲ့ဘဝကို ရယူပိုင်ဆိုင်နိုင်စေဖို့**(အပိုင်း-၁) (ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်း)
၁၂:၄၀-၆:၄၀	Music Gallery (စိုးသူ-ကိုယ့်နေ့သစ်များ)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

(၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

➢ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကယားပြည်နယ်

စာ - ၇



➢ တိုင်းရင်းသားတို့ ပျော်ရာမြေ

ခင်ဆန်းဦး(မြန်မာစာ)၏ ကဗျာ စာ - ၈

➢ ပြည်ထောင်စု၏ မြတ်မော်ကွန်း

နရီ၏ ကဗျာ စာ - ၉

➢ ပြည်ထောင်စုနိုင်ငံ ပြည်ထောင်စုစိတ်ဓာတ်

ရတနာစည်ဆရာတော် (လှိုင်လင်)၏ ဆောင်းပါး စာ - ၈၊ ၉

မြန်မာ့ကျောက်မျက်ရတနာပြတိုက်ပေါ်မှ မြင်တွေ့ရသည့် ဆင်ဖြူတော်ရေပန်းအဝိုင်းနှင့် နေပြည်တော်။ (မြန်မာ့အလင်း)

နေပြည်တော်၏ ဖွံ့ဖြိုးမှုဂုဏ်ဒြပ်ကို ထင်ဟပ်စေသည့် မြန်မာနိုင်ငံ၏ အကြီးဆုံးမြန်မာ့ကျောက်မျက်ရတနာပြတိုက်

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)
စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး(မြန်မာ့အလင်း)

မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်

ခေတ်မီဒီဇိုင်းဖြင့် လှပစွာ တည်ဆောက်ထားသည့် မြန်မာနိုင်ငံတွင် အကြီးဆုံး မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကြီးကို နေပြည်တော်၏ ကျက်သရေဆောင်အဖြစ် တင့်တယ်ခံ့ညားစွာ ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၉

ခေတ်မီဆန်းကြယ်သော ဒီဇိုင်း၊ လှပဆန်းသစ်သော အသွင်အပြင်၊ ဆွဲဆောင်မှုအားကောင်းလှသည့် တည်ဆောက်မှုများဖြင့် ပြည့်လျှမ်းနေသော အဆောက်အအုံကြီးကို နေပြည်တော်ရှိ တော်ဝင်ဘတ်စ်ကားပေါ်မှ လှမ်းမြင်ရသဖြင့် ရာဇသင်္ဂဟလမ်းထောင့်၌ ဘတ်စ်ကားပေါ်မှ ဆင်းလိုက်သည်။

ရေးထိုးထား

ဖြောင့်ဖြူးကျယ်ဝန်းသော ရာဇသင်္ဂဟလမ်းကိုဖြတ်ကာ လှပလွန်းသော အဆောက်အအုံကြီးကို အတန်ကြာ ငေးကြည့်ပြီးမှ အဆောက်အအုံအဝင်ဝသို့ ရောက်သဖြင့် ရေးထိုးထားသည့် အဆောက်အအုံအမည်ကို ဖတ်ကြည့်လိုက်ရာ **"မြန်မာ့ကျောက်မျက်ရတနာပြတိုက်"**ဟု ထင်ထင်ရှားရှား ရေးထိုးထားသည်ကို တွေ့လိုက်ရသည်။

ရှုမောဖွယ်

သတ္တုတွင်းဝန်ကြီးဌာနမှ တည်ဆောက်ထားသော မြန်မာ့ကျောက်မျက်ရတနာပြတိုက် အဝင်ဝ၌ မြန်မာ့ကျောက်စိမ်းပြားများနှင့် အလှဆင်ထားသော ကျောက်စိမ်းပန်းချီကားကြီးကို ရင်သပ်ရှုမောဖွယ်ရာ မြင်တွေ့ရသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ✻

ပညာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသာမက မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပလျက်ရှိသော မုဒုံမြို့

သန့်ရှင်းသာယာလှပသော မုဒုံမြို့၏ မြို့အဝင်တစ်နေရာ။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၉

ကျွန်တော်တို့သတင်းအဖွဲ့ဟာ မွန်ပြည်နယ်ကို ရောက်ရှိစဉ်အတွင်း မုဒုံမြို့မှာ တစ်ညတာ ညအိပ်ရပ်နားခဲ့ကြပါတယ်။

ထူးထူးခြားခြား

မြို့ဇရိယာနယ်နိမိတ်အစကို ဝင်မိတာနဲ့ ညီညာပြန့်ပြူးတဲ့ မြို့တွင်းလမ်းတွေ၊ မြို့စမြို့ဆုံး လမ်းဘေးဝဲယာနဲ့ အိမ်ရှေ့တိုင်းနီးပါး အလှဆင်စိုက်ပျိုးထားတဲ့ သစ်ပင်၊ ပန်းမန်တွေ၊ အိမ်ကြီးရခိုင် တိုက်တာအဆောက်အအုံတွေကို ကြည့်ပြီး "မြို့အင်္ဂါရပ်နဲ့ ညီစွဟုတ္တာ"လို့ပဲ ထူးထူးခြားခြား အသိအမှတ်ပြုမိပါတယ်။

မုဒုံမြို့သားဖြစ်နေတဲ့ မြို့နယ် ဥက္ကဋ္ဌကလည်း မုဒုံမြို့နယ်နဲ့ ပတ်သက်ပြီး ထူးခြားမှုများကို မြို့မော်ကွန်းအဖြစ် ဖော်ကျူးပြပါတယ်။

ဂုဏ်ယူ

ဒီလိုပါ "ကျွန်တော်တို့ မုဒုံမြို့မှာ ဘာသာ သာသနာထွန်းကားတယ်၊ စီးပွားရေးဖွံ့ဖြိုးတယ်၊ ပညာရေးပိုင်းဖွံ့ဖြိုးတယ်၊ ခေတ်ဟောင်းရုပ်ရှင်မင်းသား၊ မင်းသမီးတွေအပါအဝင် အခု လက်ရှိအထိ မင်းသား၊ မင်းသမီး အနုပညာရှင်တွေ ထွက်ပေါ်ကြတယ်၊ နောက်ဆုံးအချက်ကတော့ အချောအလှတွေ ပေါတယ်ပေါ့ဗျာ"လို့ ဂုဏ်ယူစွာဆိုပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

သတင်းဆောင်းပါး - မောင်မောင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - လှမိုး (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)